
mgyoe.com SAMPLE BOOK

# ကျွန်တော် [illegible]



mgyoe.com

mgyoe.com

SAMPLE BOOK

# ကျွန်တော်
# ပြေခိုကာလက

mgyoe.com

mgyoe.com SAMPLE BOOK
mgyoe.com

mgyoe.com SAMPLE BOOK

ကြီးပွားရေးစာအုပ်တိုက်
၈၄ လမ်း (ဗိုလ်ချုပ်အောင်ဆန်းလမ်း) x ၃၃ လမ်းထောင့်၊
မန္တလေး။ ၀၉-၉၇၁၉၃၇၇၃၇ ၊ ၀၉-၉၇၉၇၈၀၁၇၈

mgyoe.com

mgyoe.com SAMPLE BOOK

ပထမအကြိမ် - ၁၉၇၀ ခုနှစ်၊ ဧပြီလ
ဒုတိယအကြိမ် - ၁၉၇၀ ခုနှစ်၊ မေလ
တတိယအကြိမ် - ၁၉၇၀ ခုနှစ်၊ စက်တင်ဘာလ
စတုတ္ထအကြိမ် - ၂၀၀၇ ခုနှစ်၊ ဧပြီလ
ပဉ္စမအကြိမ် - ၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ
ဆဋ္ဌမအကြိမ် - ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ

မျက်နှာဖုံးပန်းချီ - ပေါ်ဦးသက်

မျက်နှာဖုံးဒီဇိုင်း - မွန်ထန်သာ

အုပ်ရေ - ၁၀၀၀

တန်ဖိုး - ၁၅၀၀၀ ကျပ်

ထုတ်ဝေသူ - ဒေါ်လင်းလင်းမွန် (၀၀၃၀၆)
ကြီးပွားရေးစာအုပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၉ - ၉၇၁၉၃၇၇၃၇ ၊ ၀၉-၉၇၉၇၈၀၁၇၈

ပုံနှိပ်သူ - ဒေါ်လင်းလင်းမွန် (၀၀၂၂၁)
လူထုကြီးပွားရေးပုံနှိပ်တိုက်
၂၂၁၊ ၈၄ လမ်းနှင့် ၃၃ လမ်းထောင့်၊ မန္တလေး။
ဖုန်း ၀၉ - ၉၇၁၉၃၇၇၃၇ ၊ ၀၉-၉၇၉၇၈၀၁၇၈

၈၉၅.၈၃
လှ လှ၊ ဦး၊ လူထု -
ကျွန်တော်ပြုရိုကရက်/လူထုဦးလှ၊ ၆ ကြိမ်၊
မန္တလေး၊ ကြီးပွားရေးစာအုပ်တိုက်၊ ၂၀၂၅၊
၃၇၅ စာ၊ ပုံများ၊ ၁၉ စင်တီ၊
၁။ အတ္တုပ္ပတ္တိဟန်ဝတ္ထု
(၁) စာအုပ်အမည်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| – | မိတ်ဆက် | ၁ |
| ၁။ | ဝိုင်အမ်ဘီအေခေတ် | ၁၃ |
| ၂။ | ရှီခိုး ဘုရားထူးခေတ် | ၂၇ |
| ၃။ | မြင်းခြံမြို့အုပ် | ၄၅ |
| ၄။ | ယူနီဘာစီတီသိပ္ပံ ရန်ပုံငွေ | ၆၇ |
| ၅။ | သတင်းစာတွေက ရေးကြပြီ | ၈၅ |
| ၆။ | ဖော်ထုတ်ကြတဲ့ ပြည်သူ့အာဘော်အမျိုးမျိုး | ၉၅ |
| ၇။ | နတ်ကတော့ သိနေလိမ့်မယ် | ၁၂၉ |
| ၈။ | သရောကြီးခိုင်းတဲ့နှစ် | ၁၄၃ |
| ၉။ | ဗြူရိုကရက်နဲ့ အထက်အောက် | ၁၅၉ |
| ၁၀။ | သီပေါမင်း ယတြာစေတီ | ၁၇၁ |
| ၁၁။ | မင်းသားချော ချောတဲ့ ဆရာမြ | ၁၇၈ |
| ၁၂။ | သူရိယသတင်းစာမှာပါတဲ့ ဆရာမြသတင်းများ | ၁၉၃ |


mgyoe.com

mgyoe.com
SAMPLE BOOK


| အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃။ | အင်္ဂလိပ်ပြေးကာနီး | ၂၂၉ |
| ၁၄။ | ဂျပန်ဝင်စ | ၂၃၉ |
| ၁၅။ | ချစ်တီးအပေါင်ခံပစ္စည်းတွေ | ၂၅၁ |
| ၁၆။ | ရှိမခိုးရ၊ ဖိနပ်မချွတ်ရ အတွင်းစာ | ၂၆၁ |
| ၁၇။ | ငြိမ်းချမ်းရေး ထိန်းသိမ်းရေးကော်မတီ ဥက္ကဋ္ဌရဲ့ ဒုက္ခအထွေထွေ | ၂၇၃ |
| ၁၈။ | ဂျပန်ခေတ် ဗမာအစိုးရတက်စ | ၂၈၁ |
| ၁၉။ | ဂျပန်အပြေး အင်္ဂလိပ်ပြန်အဝင် | ၂၉၅ |
| ၂၀။ | ပဲခူးအရေးပိုင် | ၃၁၁ |
| ၂၁။ | ရေနံချောင်းမှာ ကြုံတွေ့ရပုံ | ၃၂၁ |
| ၂၂။ | ရွေးကောက်ပွဲနဲ့ အရာရှိ | ၃၃၁ |
| ၂၃။ | မော်လမြိုင်ကို နှုတ်ဆက်ခဲ့ပြီ | ၃၄၃ |
| ၂၄။ | ရှေ့နေများရဲ့ကျေးဇူး | ၃၅၁ |
| ၂၅။ | အမြတ်နိုးဆုံး ကျောင်းဆရာအလုပ် | ၃၅၇ |
| ၂၆။ | နိဂုံး | ၃၆၅ |


■

mgyoe.com

mgyoe.com SAMPLE BOOK



လူတစ်ယောက်ရဲ့ဘဝကို ကျကျနနလေ့လာရင် သူနေသွားတဲ့ ခေတ်ရဲ့သမိုင်းကိုပါ တော်တော်တန်တန် သိနိုင်ပါတယ်။

ထင်ရှားတဲ့ပုဂ္ဂိုလ်၊ ပြည်သူတွေကြားထဲ လှုပ်ရှားသွားလာနေတဲ့ ပုဂ္ဂိုလ်၊ ပြည်သူ့ဝန်ထမ်းအရာရှိ စတဲ့ ပုဂ္ဂိုလ်များရဲ့ ဘဝအကြောင်း အရာများကိုမဆိုထားနဲ့ ရာဇဝတ်မှုများနဲ့ အကျဉ်းထောင်ထဲ ရောက်နေကြသူများရဲ့ဘဝကို လေ့လာရင်တောင် တိုင်းပြည်ရဲ့ စီးပွားရေး၊ ပညာရေး၊ လူမှုရေး၊ နိုင်ငံရေးအခြေအနေများကို မြင်နိုင်တဲ့အကြောင်း ကျွန်တော်ရေးခဲ့တဲ့ 'ထောင်နဲ့လူသား'၊ 'လေနှင့်အတူ'၊ 'လှောင်ချိုင့်တွင်းမှငှက်ငယ်များ' စတဲ့ ထောင်တွင်းစာအုပ်များက သက်သေခံခဲ့ပါပြီ။

၁၉၆၉ ခုနှစ်၊ ဖေဖော်ဝါရီလထဲက ကျွန်တော်နဲ့ ဒေါ်အမာ ညောင်လေးပင်၊ ရွှေကျင်၊ ပြွန်တန်ဆာနဲ့ ပဲခူးမြို့များကို ခရီးသွားကြပါတယ်။ ညောင်လေးပင်မှာအိပ်တဲ့ ၂၈ ရက်နေ့ညက ဆွေမျိုး

mgyoe.com

mgyoe.com SAMPLE BOOK


ရင်းချာနဲ့မခြား ခင်မင်ရင်းနှီးတဲ့ ပုဂ္ဂိုလ်တစ်ဦးအိမ်ကို သွားကြတော့ အဲဒီပုဂ္ဂိုလ်က –

"ညီမောင်ရေးတဲ့ 'စစ်ပြီးစက ထောင်တံခါး' စာအုပ်ကို ဖတ်ရတယ်၊ ဂြိုဟ်ကောင်အာရုံမွှန်ဆိုတဲ့ ခေါင်းစဉ်နဲ့ရေးတဲ့ ကုလားကလေး အာရီရမ်ပါးအကြောင်းကို ဖတ်ရတာ အစ်ကိုကြီး အင်မတန် စိတ်ထိခိုက်တယ်။ ကုလားလူမျိုးတစ်ယောက်အကြောင်း ဆိုတာတောင် ပျောက်သွားပြီး လူမျိုးခွဲခြားတဲ့စိတ် မရှိတော့ဘဲ အများကြီး သနားမိတယ်" လို့ ပြောပါတယ်။

ဒီပုဂ္ဂိုလ်နဲ့ ဇနီးကို ကျွန်တော်တို့က "အစ်ကိုကြီးနဲ့ အစ်မကြီး" လို့ ခေါ်ကြတယ်။ အစ်ကိုကြီးက ကျွန်တော်တို့အစ်ကိုများရဲ့ ဆရာဖြစ်တဲ့အပြင် အစ်မကြီးကလည်း ကျွန်တော်တို့အစ်မများနဲ့ ဘုရားသွားကျောင်းတက် အတူတူဖြစ်ပါတယ်။ အဲဒါအပြင် နှစ်ဦးစလုံးကို အစ်ကိုကြီးနဲ့ အစ်မကြီးလို ခင်မင်တာကြောင့် ရင်းရင်းနှီးနှီး ဒီလို ခေါ်ကြတာပါ။

ဒီတော့ ကျွန်တော်က –

"အစ်ကိုကြီးပြောတာ အင်မတန်မှန်ပါတယ်၊ သဘာဝကျပါတယ်၊ တကယ်သနားတယ်ဆိုတာ လူမျိုးရေးအပိုင်းအခြား၊ အတားအဆီး မရှိပါဘူး။ ကိုယ်ချင်းစာပြီး ကူညီတာ၊ ဝိုင်းဝန်းတာတွေမှာလည်း အတားအဆီးမရှိပါဘူး။ ဒါ အင်တာနေရှင်နယ်လစ်ဇင်မ် စိတ်ဓာတ်သဘောတွေပေါ့။ အင်မတန် မွန်မြတ်ပါတယ်။ ဘုရားဟော တရားသဘောနဲ့ကော မကိုက်ဘူးလား အစ်ကိုကြီး..." လို့ ဆိုတော့–

mgyoe.com

m g y o e . c o m


"ဟာ ဘယ့်နှယ်ပြောပါလိမ့်၊ အင်မတန်ကိုက်ညီတာပေါ့" တဲ့။

ကျွန်တော်က တစ်ခါဆက်ပြီး –

"လူ့အကြောင်းဟာ အင်မတန် စိတ်ဝင်စားစရာကောင်းပါတယ်။ လူ့အကြောင်းထက် စိတ်ဝင်စားစရာကောင်းတာ ဘာမှမရှိပါဘူး။ ဘဝအမျိုးမျိုးကျော်ဖြတ်လာပြီး အတွေ့အကြုံတွေများလှတဲ့ အစ်ကိုကြီး အကြောင်းဆိုရင်လည်း စိတ်ဝင်စားစရာတွေ တစ်ပုံတစ်ခေါင်းကြီး ရှိနေမှာပဲ" လို့ ဆက်လိုက်တော့ –

အစ်ကိုကြီးက –

"ဟာ အများကြီးပေါ့၊ စုံနေတာပဲ။ ညီမောင်က သိချင်လို့လား" လို့ ပြောပြီး ညောင်လေးပင် ဝိုင်အမ်ဘီအေအသင်း၊ ညောင်လေးပင် အမျိုးသားကျောင်း အကြောင်းများကစပြီး အဲဒီခေတ်က လူကြီးတွေ အကြောင်းပါ ပြောပြပါတယ်။ ဒီနောက် ရန်ကုန်တက္ကသိုလ်ဆောက်ဖို့ ဆိုပြီး ဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ လက်ထက်မှာ ကစားဝိုင်းတွေ ခွင့်ပြုပြီး ရန်ပုံငွေရှာခိုင်းပုံ၊ ပျော်ဘွယ်မှာ မြို့အုပ်လုပ်နေတုန်း အရေးပိုင်က ခိုင်းတာလုပ်ခဲ့ရပုံမှစပြီး ရှိခိုး၊ ဘုရားထူး၊ ဖိနပ်ချွတ် အကြောင်းတွေပါ အတွေ့အကြုံပေါင်းစုံကို အကြမ်းပြောပြပါတော့တယ်။ ရယ်မောရတာတွေလည်း အများကြီး။ လေးလေးနက်နက် စဉ်းစားရတဲ့ အချက်တွေလည်း မနည်းဘူး။ ဒီတော့ ကျွန်တော်က –

"အစ်ကိုကြီး ကျွန်တော် အဲဒီအစ်ကိုကြီးပြောတာတွေ အသေးစိတ်ရချင်တယ်၊ ကျွန်တော် နောက်တစ်ခေါက်လာပြီး ရေးပါရစေ၊ ဒီတစ်ခေါက် ကြာကြာမနေနိုင်လို့ပါ၊ ပြောသွားတဲ့အထဲမှာ

m g y o e . c o m

mgyoe.com
SAMPLE BOOK


ခေတ်သမိုင်း အချက်အလက်တွေလည်း အများကြီးပါတယ်၊ ပြည်သူများ ဗဟုသုတ ရစရာတွေ၊ သင်ခန်းစာယူစရာတွေလည်း များတယ်၊ ဒါ့ကြောင့် အစ်ကိုကြီးအကြောင်းကို ကျွန်တော် သေသေချာချာ လုပ်ချင်တယ်" လို့ပြောတော့ အစ်ကိုကြီးကပြုံးတယ်။ နောက်ပြီး "တကယ်ပဲ ကောင်းနေသလား" တဲ့။

"ကျွန်တော် မလာနိုင်ရင်လည်း လက်ရေးတိုသမားတစ်ယောက် လွှတ်လိုက်ပါ့မယ်၊ အစ်ကိုကြီးက လျှောက်ပြောပါ၊ သူရေးမှတ်ခဲ့လိမ့်မယ်၊ နောက်ပြီးမှ ကျွန်တော် ကြည့်စီစဉ် ပြုပြင်ယူမယ်။ အစ်ကိုကြီး ခုနကပြောသွားတဲ့အထဲမှာ အင်္ဂလိပ်ခေတ်က ဘုရင်ခံဆာဟာကုတ်ဘတ္တလာ လက်ထက်မှာ ရန်ကုန်တက္ကသိုလ်ဆောက်ဖို့ ကစားဝိုင်းတွေနဲ့ ဘယ်လိုငွေရှာကြတယ်၊ ကိုယ်တိုင် ဘယ်လိုပါဝင်လုပ်ပေးခဲ့ရတယ်ဆိုတာတွေဟာ နယ်ချဲ့အင်္ဂလိပ်တွေရဲ့ စေတနာကို အမှန်အတိုင်းတင်ပြဖို့ အင်မတန်ခိုင်မာတဲ့ သက်သေအထောက်အထားပဲ၊ တန်ဖိုးအများကြီးရှိပါတယ်"

"ရှေ့နှစ် ၁၉၇၀ ခုနှစ်၊ ဒီဇင်ဘာလမှာ ရန်ကုန်တက္ကသိုလ်နှစ် ၅၀ ပြည့်အထိမ်းအမှတ် ရွှေရတုသဘင်ကြီးကျင်းပဖို့ ဆိုင်ရာက စီစဉ်နေတယ်လို့ ကြားသိရပါတယ်။ တိုင်းပြည်ပညာရေး မြင့်တက်စေလိုတဲ့ ကျွန်တော်တို့အနေနဲ့ အဲဒီ နှစ် ၅၀ ပြည့်အထိမ်းအမှတ်ပွဲအတွက် ဘာများဝိုင်းလုပ်ပေးနိုင်မလဲ၊ နည်းနည်းဖြစ်ဖြစ် ပါဝင်လုပ်ပေးနိုင်ဖို့ ကောင်းတယ်လို့ စဉ်းစားနေတာ အဲဒီအစီအစဉ် သတင်းရကတည်းကပဲ။ တစ်လောကတော့ တက္ကသိုလ်ကျောင်းသားသမဂ္ဂက ပထမဆုံးစထုတ်တဲ့ မဂ္ဂဇင်းကလေးတစ်စောင် တက္ကသိုလ်များ ဗဟို

mgyoe.com

mgyoe.com

SAMPLE BOOK


ပိဋကတ်တိုက်မှူးဆီ ပို့လိုက်တယ်။ အိုးဝေမဂ္ဂဇင်း မထုတ်ခင် ဟို စောစောပိုင်းကထုတ်တဲ့ အမှတ် ၁ စာစောင်ပါ။ ပိဋကတ်တိုက်မှူး ဦးသော်ကောင်းက အဲဒီစာစောင် သူတို့ဆီမှာမရှိဘူး၊ ရန်ကုန်တက္ကသိုလ် နှစ် ၅၀ ပြည့်ပွဲသဘင်ပြပွဲမှာပြဖို့ ကြာကြာငှားထားပါဦးဆိုတာနဲ့ ငှားထားလိုက်ပါတယ်။

"အခုဆို အစ်ကိုကြီးအကြောင်းရေးရင်း တက္ကသိုလ်ကြီး ဆောက်ဖို့ ဗြိတိသျှနယ်ချဲ့သမားတွေက ရန်ပုံငွေ ကျပ်သိန်း ၅၀ ထိ ရအောင် ဘယ်လိုရှာတယ်၊ ပြည်သူတွေ ဘယ်လိုဖြစ်ကြရတယ်။ သတင်းစာတွေက ဘယ်လိုရေးသား ကန့်ကွက်ကြတယ် ဆိုတာတွေနဲ့ ပတ်သက်ပြီး အဲဒီ နှစ် ၅၀ ပြည့်ပွဲကြီးအမီ တိုင်းပြည်က သိထိုက်တဲ့ အချက်အလက် တော်တော်များများကို တင်ပြနိုင်မှာမို့ ကျွန်တော် သဘောကျနေတာပဲ"

"ရေးပေါ့၊ အစ်ကိုကြီးကတော့ ဘာမှမချန်ဘူး၊ ပြောပြမှာပဲ။ နာမည်တွေနဲ့ သက်သေတွေနဲ့ အခိုင်အမာပြောပြပါ့မယ်။ ကိုယ့် အကြောင်းလည်း မချန်ပါဘူး။ ညီမောင်တို့ကလည်း အဲဒီ ၁၉၂၇ ခုနှစ်က သတင်းစာတွေထဲမှာ တက္ကသိုလ်ရန်ပုံငွေနဲ့ဆိုင်တဲ့ ကစားဝိုင်း သတင်းတွေရှာပြီး ခိုင်မာသထက် ခိုင်မာအောင် တင်ပြလိုက်ပေါ့"

"ဟုတ်ပါတယ်။ လုပ်မှာပေါ့။ ရွှေရတုသဘင်တို့ ဘာတို့ဆိုရင် အရင်ကတော့ ကောင်းတာတွေ၊ မင်္ဂလာရှိတယ်ဆိုတာမျိုးတွေသာ စီစဉ်လေ့ရှိကြတာပဲ။ တိုးတက်ပြောင်းလဲနေတဲ့ ဒီခေတ်မှာ ကျင်းပမဲ့ ဒီလိုပွဲမျိုးမှာတော့ သမိုင်းကြောင်း ဖြစ်ရပ်အမှန်တွေကို တင်ပြတဲ့

mgyoe.com

mgyoe.com SAMPLE BOOK

ဘက်ကလည်း မလျော့နည်းသင့်ဘူး။ ဒီတော့ ဒီအချက်အလက်တွေဟာ တန်ဖိုး အများကြီးရှိပါတယ်။ အစ်ကိုကြီးအကြောင်း စာအုပ်ကို ရန်ကုန်တက္ကသိုလ် ရွှေရတုသဘင်ကို ရည်မှန်းပြီး ထုတ်ဝေတယ်လို့ ဆိုလိုက်ရရင်တောင် ကောင်းမလားပဲ။ ဒီစာအုပ်ထဲမှာပါတဲ့ အကြောင်းအချက်တွေကို ပွဲသဘင်စီစဉ်တဲ့ပုဂ္ဂိုလ်တွေက လိုရင်သုံးကြဖို့ပေါ့"

ဒီလို ဟိုအကြောင်း ဒီအကြောင်းတွေ ပြောနေကြတာ တော်တော် ညည့်နက်သွားတယ်၊ ဒီတော့ အစ်ကိုကြီးက –

"ညီမောင်လည်း နောက်တစ်ခါမလာနဲ့၊ အလုပ်များပါတယ်။ လက်ရေးတိုသမားလည်း လွှတ်မပေးနဲ့၊ အစ်ကိုကြီးဘာသာ ဖြည်းဖြည်းဖြည်းဖြည်း စဉ်းစားပြီး ရေးတတ်သလို ရေးပို့လိုက်မယ်၊ စိတ်သာချ ပို့လိုက်မယ်" လို့ ပြောတယ်။ ကျွန်တော်တို့လည်း နှုတ်ဆက်ပြီး တူ၊ တူမများအိမ်ကို ပြန်ခဲ့ကြတယ်။

ပို့လိုက်မယ်ဆိုပေမဲ့ အသက်အရွယ်ကြီးသူဖြစ်လို့ မမာမကျန်းဖြစ်တဲ့အခါ ဖြစ်မယ်။ နောက်ပြီး စာရေးတယ်ဆိုတာ ရေးနေကျ မဟုတ်သူအဖို့ ဝန်အလေးသား။ ပါးစပ်ကပြောမယ်ဆိုရင်တော့ ရယ်ကာ မောကာနဲ့ မနားတမ်းပြောနိုင်မှာပဲ။ ကဲ ကိစ္စမရှိဘူး၊ နည်းနည်းအားမှ ကိုယ်တိုင်သွားမယ်လို့ စဉ်းစားနေမိတယ်။ မေလ ၈ ရက်နေ့မှာတော့ စာတိုက်က ဗလာစာအုပ်တစ်အုပ်ပါတဲ့ အထုပ်တစ်ထုပ် ရောက်လာတယ်။ ဗလာစာအုပ် ပထမမျက်နှာမှာ ရေးထားတာကတော့ –

"လူထုဦးလှနှင့်ဇနီး ဒေါ်အမာတို့သည် ညောင်လေးပင်ရှိ ဆွေမျိုးများနှင့်တွေ့ရန် ၁၉၆၉ ခု၊ ဖေဖော်ဝါရီ ၂၇၊ ၂၈ ရက်နေ့များမှာ ခေတ္တလာကြသည်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သူ့ဆွေမျိုးများနှင့် ကျွန်ုပ်က တစ်ဖက်က တော်စပ်သဖြင့် လူချင်းရင်းနှီးပါသည်"

"ဒီလိုတွေ့ကြတုန်း အင်္ဂလိပ်ခေတ်၊ အစိုးရခေတ် အမျိုးစုံမှာ ဗြူရိုကရက်မြို့အုပ်၊ ဝန်ထောက် စတဲ့ အလုပ်တာဝန်များ ထမ်းရွက်ခဲ့စဉ်က တွေ့ကြုံရတာ တချို့တစ်ဝက်ကို ရယ်စရာတွေပါ ပြောပြတော့ "အစ်ကိုကြီး ပြောတာတွေ သိပ်စိတ်ဝင်စားစရာ ကောင်းပါတယ်။ စာနဲ့ရေးပို့ပါ" ဟု ပြောသွားသဖြင့် ဤစာအုပ်ကို ခဲတံနှင့် ရေးပို့လိုက်ရပါသည်"

(ခဲတံနှင့်ရေးရတာ အဖျက်တွေ များလွန်း၏)

အစ်ကိုကြီး ဦးစံတင်

လို့ ရေးထားပါတယ်။ ပို့လိုက်တဲ့စာများကို ဖတ်ကြည့်တဲ့အခါ ကျွန်တော့်ကို ပြောပြတုန်းကအတိုင်း ပွင့်ပွင့်လင်းလင်းရှိတာကိုလည်း တွေ့ရပါတယ်။

၂ လအတွင်း စာမျက်နှာ ၄၀ စီလောက်ပါတဲ့ ဗလာစာအုပ် ၅ အုပ်နဲ့ ခဲနဲ့ရော မင်နဲ့ရော ရေးထားတာတွေကို ရတယ်။ အဲဒီ ပြောပြတာ ရေးပေးတာတွေကို သင့်သလို ပြုပြင်စီစဉ် ရေးသားတာတွေ ဖြစ်လို့ 'ကျွန်တော်ဗြူရိုကရက်' ဆိုတဲ့ ဒီစာအုပ်ဟာ ဝိုင်အမ်ဘီအေ အမျိုးသားကျောင်းဆရာ၊ မြို့အုပ်ကလေး၊ မြို့အုပ်ကြီး၊ အခွန်ဝန်၊ နယ်ပိုင်ဝန်ထောက်၊ အရေးပိုင်စတဲ့ ရာထူးဌာနအသီးသီးမှာ တာဝန်ထမ်းရွက်လာတဲ့ ဦးစံတင် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိလို့ပင် ဆိုဖို့ကောင်း

mgyoe.com

mgyoe.com

SAMPLE BOOK


ပါတယ်။ 'ကျွန်တော်ဗြူရိုကရက်' ဆိုတဲ့ နာမည်ကို ပေးတာဟာလည်း အခုခေတ် သတင်းစာတွေမှာ အပါများတဲ့ အသုံးအနှုန်းကို ပေါ်ပင် သဘော သုံးလိုက်တာမဟုတ်ပါဘူး။ သူကိုယ်တိုင် တာဝန်ထမ်းဆောင် ခဲ့ရတဲ့ အစိုးရအရာရှိဘဝအမျိုးမျိုးမှာ တွေ့ကြုံရတာတွေကို အကြောင်း ပြုပြီး ဒီနာမည်ကို ရွေးတာဖြစ်ပါတယ်။ အခုခေတ် အခုအချိန်နဲ့ တော်တော်ကြီးဝေးခဲ့ပြီဖြစ်တဲ့ သူ့ခေတ်သူ့အချိန်က ဗြူရိုကရေစီ ယန္တရားအောက်က စက်ရုပ်လိုဖြစ်တဲ့ ဗြူရိုကရက်အရာရှိတစ်ယောက်ရဲ့ ဘဝပုံကြမ်းကို မချန်မချွင်း တင်ပြလိုက်တာပဲပေါ့။

ဒီစာအုပ်ထဲမှာ စစ်ဗိုလ်က အရေးပိုင်ဖြစ်လာတဲ့ အင်္ဂလိပ်အရာရှိနဲ့ အိုင်စီအက်စ် အင်္ဂလိပ်အရာရှိ ခြားနားပုံ၊ ဗမာအရာရှိထဲက သူတို့နဲ့ ပခုံးချင်းယှဉ်တယ်လို့ထင်ရင် အင်္ဂလိပ်အရာရှိတွေက နှိမ်ပုံ၊ ဘုရားထူး နိုင်၊ ရှိခိုးနိုင်မှ ကျေနပ်ပုံများကို တွေ့ကြပါလိမ့်မယ်။

အခုခေတ်လူငယ်များကတော့ ဖိနပ်ချွတ်၊ ရှိခိုး၊ ဘုရားထူး ပြဿနာရှိခဲ့တာကို ရှေးဟောင်းပုံပြင်တစ်ပုဒ်လို သဘောထားကြမှာပဲ ရယ်ချင်လည်း ရယ်နေကြပေလိမ့်မယ်။ အင်္ဂလိပ်လက်အောက်ကို စရောက်ကတည်းက ကြုံရတဲ့ ဒီပြဿနာဟာ ဂျပန်ဝင်လာမှပဲ နိဂုံးချုပ် တော့တာပဲ။

အင်္ဂလိပ်အရာရှိတွေ ရှိခိုး ဘုရားထူး အရသာ တွေ့သွားတာ ကတော့ တိုင်းရင်းသားပဒေသရာဇ်တွေ ခေတ်ကတည်းက ရှိနေခဲ့တဲ့ အစဉ်အလာကို မျက်နှာလိုမျက်နှာရ လုပ်သူတွေက ဆက်လုပ်ကြလို့ ပြဿနာကြီးတစ်ရပ် ဖြစ်ကုန်တာပဲ။ အဲဒီခေတ်က မြင်းခြံခရိုင် တချို့

mgyoe.com

m g y o e . c o m

SAMPLE BOOK

ရွာတွေမှာ သူကြီးခြံဝင်းထဲဝင်ရင် ဖိနပ်ချွတ်ကြရတယ်။ မြို့အုပ်၊ နယ်ပိုင် စတဲ့ ဗမာအရာရှိတွေကို ကျေးလက်လူထုနဲ့ ဆယ်အိမ်ခေါင်းတွေ၊ သူကြီးတွေက ဘုရားထူးတယ်။ ဗမာအရာရှိတွေက အင်္ဂလိပ်အရာရှိတွေကို ဘုရားထူးကြရတယ်။ အင်္ဂလိပ်လူမျိုး ပုလိပ်အမှုထမ်း၊ သစ်တောအမှုထမ်းများကလည်း ဘုရားထူး ခံချင်ကြတာပဲ။ အင်္ဂလိပ်အရေးပိုင်၊ နယ်ပိုင်တို့လိုပဲ ဘုရားမထူးရင် မကြိုက်ဘူး။

နိုင်ငံရေးလှုပ်ရှားမှုတွေက များလာ၊ သတင်းစာတွေကရေး၊ ပြည်သူတွေက မကြိုက်မှန်းသိတော့ အတွင်းဝန်ချုပ်က ရှိခိုးမခံဖို့၊ ဖိနပ်မချွတ်ခိုင်းဖို့ အမိန့်ထုတ်ပါရဲ့၊ ဒါကလည်း ဟန်ဆောင်ဟန်ပြပါပဲ။ ဒီသမိုင်းကြောင်းတွေဟာ ဗြိတိသျှကျွန်ဖြစ်ခဲ့ရတဲ့ ဗမာလူမျိုးတွေ အနှိမ်ခံရပုံတစ်မျိုးပဲ၊ ဦးကျိုးအောင်လုပ်တာပဲ။

ဝံသာနုတွေ၊ သခင်တွေ၊ ခေတ်ပညာတတ်တွေက အင်္ဂလိပ်အရာရှိတွေရဲ့ ဖိနပ်ချွတ်၊ ရှိခိုး၊ ဘုရားထူးဝါဒကို အင်မတန် စက်ဆုပ်တယ်။ ဒါပေမဲ့ ပြည်သူတွေက သူတို့ကို မဆန့်ကျင် မတော်လှန်ဝံ့အောင်လုပ်ရာမှ ဒီလက်နက်က အများကြီးခရီးရောက်တယ်ဆိုတာကို သိလို့ နယ်ချဲ့အင်္ဂလိပ်အရာရှိတွေက လက်မလွှတ်ချင်ကြဘူး။

ဂျပန်ဝင်လာတဲ့ အချိန်မှာတော့ ကျွန်တော်တို့က လွတ်လပ်ရေးစိတ်၊ သခင်စိတ်တွေအပြည့်နဲ့ ဖြစ်နေပြီ။ ဒါ့ကြောင့် ဂျပန်ကို ဘုရားမထူးပါဘူး။ ဘယ်သူကမှ အကျင့်မလုပ်ဘူး။ ဒါတောင် 'မာစတာ' လောက်တော့ လုပ်ကြရသေးတာ။ ဂျပန်ကလည်း 'မာစတာ' ခေါ်မှကြိုက်တယ်။

m g y o e . c o m

mgyoe.com
SAMPLE BOOK


၁၉၄၅ ခုနှစ် အင်္ဂလိပ်တွေ ပြန်ဝင်လာတော့ သူတို့ဘက်ကလည်း ဘုရားထူးခံတာ၊ ရှိခိုးခံတာတွေ မျှော်လို့သိပ်မဖြစ်တော့ဘူးဆိုတာသိတယ်။ ကျွန်တော်တို့ဘက်ကလည်း အင်မတန်ပြောင်းကုန်ပြီ။ နယ်ချဲ့အင်္ဂလိပ်ကိုမောင်းထုတ်လိုက်တဲ့ တော်လှန်ရေး၊ ဖက်ဆစ်ဂျပန်ကို စုပေါင်းတိုက်ထုတ်တဲ့ တော်လှန်ရေးများကြောင့် နိုင်ငံရေးဘက်က အများကြီးမြင့်မားသွားပြီ။ ဒီတော့ ဘုရားထူး၊ ရှိခိုး၊ ဖိနပ်ချွတ်၊ မာစတာဆိုတာတွေလည်း နယ်ချဲ့တို့ ဖက်ဆစ်တို့နဲ့အတူ ပါသွားကုန်ပြီပေါ့။

၁၉၃၀–၃၁ ခုနှစ်က ဆရာစံ သူပုန်ကြီးထတာဟာ တိုင်းပြည်နဲ့အဝှမ်း စီးပွားရေးကပ်ဆိုက်တဲ့ အချိန်ကြီးပဲ။ ကမ္ဘာအရပ်ရပ်မှာလည်း စီးပွားရေးကပ်ကြီးဆိုက်နေတယ်။ အဲဒီနှစ်က အညာဒေသမှာ မိုးခေါင်တယ်။ မိုးခေါင်ရေရှားတဲ့ အဲဒီနှစ်က မြင်းခြံခရိုင်၊ နွားထိုးကြီးမြို့နယ်မှာ သရောကြီးခိုင်းတယ်။ ဆရာစံနဲ့ သူ့အဖွဲ့သားတွေ ဝင်မလာအောင်စောင့်ကြရတယ်။ အဲဒီလို ဒုက္ခမျိုးစုံကြုံရတဲ့နှစ်မှာ ပြူရိုကရက်အရာရှိတာဝန် ထမ်းဆောင်နေရတဲ့ နွားထိုးကြီးမြို့ပိုင် ဦးစံတင်ဟာ အစားမမှန် အအိပ်မမှန်နဲ့ အစာအိမ်ရောဂါ ရတော့တယ်။ ဒီရောဂါက ဘယ်အထိ နှိပ်စက်တယ်ဆိုတာ တွေ့ကြရပါလိမ့်မယ်။

ဂျပန်ဝင်ကာစက ငြိမ်းချမ်းရေးထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌလုပ်ရာမှာ ကြုံတွေ့ရပုံ၊ ဒေါက်တာဘမော်က အဓိပတိအရှင်မင်းကြီးဖြစ်လာပြီး ဂျပန့်ခေတ် မြန်မာအစိုးရလက်အောက် နယ်ပိုင်ဝန်ထောက်လုပ်ရာမှာ လေယာဉ်ပျံကွင်းအတွက် အလုပ်သမားရှာပေးရ၊ ယိုးဒယားဗမာ မီးရထားလမ်းအတွက် ချွေးတပ်ဆွဲပေးရပုံတွေဟာလည်း ရှိရမဲ့

mgyoe.com

mgyoe.com

SAMPLE BOOK


သမိုင်းမှတ်တမ်းတွေပဲ။ အခု တင်ပြတာတွေကတော့ တခြားပုဂ္ဂိုလ်တွေ ရေးခဲ့ ပြောခဲ့တာတွေနဲ့ မတူဘူး။

အင်္ဂလိပ်ပြန်ဝင်လာတော့ အရာရှိအချင်းချင်း တွန်းကြ တိုက်ကြပုံ၊ လွတ်လပ်ရေးရစ၊ အရေးပိုင်ဖြစ်စ တိုင်းပြည်မငြိမ်မသက် ဖြစ်လာလို့ ကြုံတွေ့ရပုံတွေကစပြီး ဖဆပလ အာဏာရတဲ့နောက် ပါလီမန် ဒီမိုကရေစီခေတ်က ရွေးကောက်ပွဲကိစ္စမှာ အရာရှိများ ဘယ်လို သိတတ်ရပုံ အကြောင်းစုံတွေ ဖော်ထုတ်ထားတာကိုပါ ဖတ်ကြရပါ လိမ့်မယ်။

တရားလို တရားခံ နှစ်ဖက်အကျိုးဆောင် ရှေ့နေကြီးများ တင်ပြတဲ့ ဥပဒေအချက်အလက်များ၊ စီရင်ထုံးများကို ကောင်းကောင်း လေ့လာပြီး စီရင်ဆုံးဖြတ်ရင် မှန်တဲ့တရားစီရင်မှု ဖြစ်နိုင်တဲ့အတွက် မြို့အုပ်ပေါက်စ၊ တရားသူကြီးပေါက်စများအနေနဲ့ ရှေ့နေရှေ့ရပ်များကို ဆရာလို သဘောထားသင့်တဲ့အကြောင်း ကိုယ်တွေ့တင်ပြထားတာ များလည်း ပါရှိပါတယ်။ အဲဒီအချိန်က သူ့ဆရာတွေရဲ့ စာရင်းကိုလည်း ကျေးဇူးတတင် သတိတရနဲ့ ဖော်ပြထားပါသေးတယ်။

မလွှဲမရှောင်သာလို့ ကျောင်းဆရာအလုပ်ကထွက်ရပုံ၊ ဒီလို ထွက်ပြီး မြို့အုပ်၊ ဝန်ထောက်၊ အရေးပိုင် အလုပ်တာဝန်များကို ထမ်းဆောင်နေပေမဲ့ စာပြတဲ့အလုပ်ကို မလုပ်ဘဲမနေနိုင်၊ အငြိမ်းစား ယူပြီးမှပင် စာပြနေသေးတဲ့အကြောင်း၊ ကျောင်းဆရာ အလွန်မွန်မြတ်ပုံ သူ့အယူအဆများကို တင်ပြပြီး ပညာ့ဝန်ထမ်း အလုပ်လုပ်ကြဖို့ တိုက်တွန်းထားတာများလည်း တွေ့ပါလိမ့်မယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


လူ့အကြောင်းဟာ စိတ်ဝင်စားစရာ ကောင်းပါတယ်။ ဝံသာနု စိတ်ဓာတ်ခံရှိနေတဲ့ အရာရှိတစ်ယောက်ရဲ့ နှစ်ပေါင်း ၃၀ ခရီးကတော့ သာပြီး စိတ်ဝင်စားစရာကောင်းတယ်။ အဲဒီနှစ်ပေါင်း ၃၀ ကလည်း ခေတ်မီတဲ့ ရုပ်ရှင်ကားပေါ်မှာ အပြောင်းအလဲမြန်သလို အမျိုးမျိုး ပြောင်းခဲ့တာမို့ တကယ့်သမိုင်းကဏ္ဍပဲလို့ ဆိုရမှာပဲ။

၁၉၂၂ ခုနှစ်က ၁၉၅၂ ခုနှစ်တစ်ဝိုက်အထိ တိုင်းပြည်မှာ ကြုံတွေ့ရတဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လူမှုရေး ပြဿနာ မျိုးစုံကို ဒီစာအုပ်ထဲမှာ တွေ့ကြရပါမယ်။ ကျောင်းသုံးသမိုင်းစာအုပ်လို သဘောထားပြီး ဖတ်ဖို့တော့ မဟုတ်ပါဘူး။ အဲဒီလိုဖတ်ဖို့လည်း မလိုပါဘူး။ ရိုးရိုး ပေါ့ပေါ့ပါးပါး လွတ်လွတ်လပ်လပ်ပဲ ဖတ်သွားပါ။ စာဖတ်သူများ သိလို၊ မှတ်လိုတာတွေ အများကြီး တွေ့ကြပါလိမ့်မယ်။

လုပ်ရင် လုပ်သလို၊ မလုပ်ရင် မလုပ်သလို၊ ကြိုးစားရင် ကြိုးစားသလို၊ မကြိုးစားရင် မကြိုးစားသလို၊ လူတိုင်း လူတိုင်းဟာ သမိုင်းထဲက လူတစ်ယောက်ပဲပေါ့။

လူထုဦးလှ

၁၉-၃-၁၉၇၀

mgyoe.com

mgyoe.com SAMPLE BOOK

(၁)

# ဝိုင်အမ်ဘီအေခေတ်

ဗမာထဲက ဘီအေအောင်ပြီးသူ ၃၀၀ မရှိသေးဘူး၊ ဒါ့ကြောင့် အုပ်ချုပ်ရေး တိုးမပေးနိုင်သေးဘူးလို့ ဗြိတိသျှအစိုးရက ပြောလေ့ရှိတာကို ကျွန်တော်ကိုယ်တိုင် ဖြူရိုကရက်အရာရှိတစ်ဦးဖြစ်လာမှ ကောင်းကောင်း သဘောပေါက်မိတယ်။ ၁၉၀၀ ခုနှစ်တစ်ဝိုက်က ဒီစကားကို သူတို့ ခပ်မာမာကြီး ပြောနေတာပဲ။

အိန္ဒိယပြည်ကြီးကို တစ်စတစ်စ သူတို့သိမ်းယူလိုက်တယ်။ ဒိနောက် အဲဒီဗြိတိသျှနယ်ချဲ့သမားဟာ ရခိုင်နဲ့ တနင်္သာရီတိုင်းကို ၁၈၂၄ ခုနှစ်မှာသိမ်းတယ်။ သိမ်းရာမှာ အိန္ဒိယစစ်သားတချို့ကို ဗြိတိသျှစစ်သားတွေနဲ့အတူ အသုံးချတယ်။ ရခိုင်နဲ့ တနင်္သာရီတိုင်း အုပ်ချုပ်ရေးမှာ အိန္ဒိယအရာရှိတချို့နဲ့ အိန္ဒိယစာရေးစာချီများကို သုံးတယ်။ ၁၈၅၂ ခုနှစ်က အောက်ဗမာနိုင်ငံကို သိမ်းတော့ ရခိုင်နဲ့ တနင်္သာရီတိုင်းသားတွေကို အရာရှိငယ်၊ စာရေးစာချီ၊ စကားပြန်

mgyoe.com

mgyoe.com

SAMPLE BOOK


စတဲ့ နေရာတွေမှာ ထည့်သုံးလာတယ်။ ၁၈၈၅ ခုမှာ အထက်ပိုင်းကိုပါ အပြီးသတ်တိုက်သိမ်းတော့ အောက်ဗမာနိုင်ငံက သူတို့သင်ထားတဲ့ အင်္ဂလိပ်စာ အရေးအသား အပြောအဆို အလိုက်အထိုက်တတ်သူတွေကို အသုံးတည့်တဲ့နေရာတွေမှာ သုံးပြန်ရော။

တစ်နိုင်ငံလုံးကို သိမ်းယူ ကျွန်လုပ်ပြီးတဲ့နောက် ရန်ကုန်မှာ ကောလိပ်ကျောင်းတစ်ကျောင်း ဖွင့်တယ်။ အဲဒီကောလိပ်က ကာလကတ္တားတက္ကသိုလ် လက်အောက်ခံပေါ့။ ရန်ကုန်ကောလိပ်မှာ သိပ္ပံပညာ မသင်သေးဘူး။ နိုင်ငံရေး၊ စီးပွားရေး၊ ဥပဒေရေးရာ ပညာမျိုးလည်း မသင်သေးဘူး။ မြန်မာစာဘက်ကလည်း ဘီအေနောက်ဆုံးနှစ်မှာ ဝေဿန္တရာဇာတ်နဲ့ လောကသာရဆုံးမစာလောက်ပဲ ဖတ်ရ ဖြေရတယ်။

ဒီပညာရေးဟာ ဘာရည်ရွယ်တယ်၊ ဘယ်လောက်ရုပ်ပြဟန်ဆောင်ဖြစ်တယ်ဆိုတာ အထူးပြောနေစရာ မလိုတော့ပါဘူး။

၁၉၀၀ ခုနှစ်တစ်ဝိုက်က ရန်ကုန်ကောလိပ်မှာ အသင်းအဖွဲ့ဆိုလို့ ပြေးခုန်ကစားအသင်း၊ ဗုဒ္ဓဘာသာအသင်းနဲ့ စကားရည်လုပွဲအသင်း (Debating Society) လောက်ပဲ ရှိသေးတယ်။ ဟောပြောကြ၊ စကားရည်လုကြတာတွေဟာ အားလုံး အင်္ဂလိပ်ဘာသာနဲ့ချည်းပဲ။ အင်္ဂလိပ်စကားပြော အလေ့အကျင့်ရအောင်လို့ လို့ဆိုတယ်။ ဒါပေမဲ့ အင်္ဂလိပ်စကား၊ အင်္ဂလိပ်စာကို အထင်ကြီးအောင် ကိုယ့် တိုင်းရင်းသားစာနဲ့စကားက ဘာမှတန်ဖိုးမရှိဘူးလို့ ထင်အောင် ရည်ရွယ်တာကလည်း တစ်ပါတည်း အလုပ်ဖြစ်ဖို့ပေါ့။ ဖြစ်လည်း ဖြစ်တာပါပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


၁၉၀၆ ခုနှစ်က ရန်ကုန်ကောလိပ် ဘီအေတန်းမှာ ကျောင်းသား အများဆုံးပဲ။ ဘယ်နှစ်ကမှ ဒီလောက်မများဖူးဘူး။ ပေါင်း ၂၀ ကျော်ရှိတယ်။ ဒါပေမဲ့ ဦးမောင်ကြီး (ဆာမောင်ကြီး သံအမတ် ဟောင်း ဝတ်လုံတော်ရ)၊ ဦးစိန်လှအောင်၊ ဦးဘဖေ (ဘကြီးဘဖေ) နဲ့ ဦးဘဖေ (သရက်) တို့ လေးယောက်ပဲ စာမေးပွဲ အောင်တယ်။ အဲဒီနှစ်ဟာ ဘီအေအောင်သူဦးရေ အများဆုံးနှစ်တဲ့။ ၁၉၀၅ ခုနှစ်ကတော့ စာမေးပွဲဝင်သူက ၅ ယောက်၊ အောင်သူက ၂ ယောက် တည်း။

ရန်ကုန်ကောလိပ် စကားရည်လုပွဲတွေမှာ နာမည်အရဆုံး ကျောင်းသားကတော့ ဦးစိန်လှအောင်ပဲ။ သူ ဘီအေအောင်ပြီး ကာလကတ္တားမှာ ဘီအယ်လ်သွားသင်တော့ အများကပဲ တိုင်းပြည်က အားကိုးရမဲ့ ခေါင်းဆောင်ကောင်းတစ်ယောက် ဖြစ်လာလိမ့်မယ်လို့ ယုံကြည်မျှော်လင့်ကြတယ်။ ခေါင်းဆောင်ကောင်း မျှော်နေတဲ့ ခေတ် အခါပေကိုး။

ကောလိပ်ကျောင်း ဗုဒ္ဓဘာသာ အသင်းသားဖြစ်ကြတဲ့ ကျောင်းသားတွေဟာ ကျောင်းကထွက်လာတော့ သူတို့စုပေါင်းပြီး ဆက်လုပ်စရာကို လှမ်းကြည့်ကြတယ်။ အဲဒီအခါက အရှိန်ရပြီး ခေတ် စားနေတာကတော့ ဝိုင်အမ်စီအေလို့ လူသိများတဲ့ ခရစ်ယာန်လူငယ် များအသင်းပဲ။ အဲဒီအသင်း လုပ်ပုံကိုင်ပုံတွေကြည့်ပြီး ဝိုင်အမ်ဘီအေ (ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း) ဆိုပြီး အသင်းတစ်သင်း တည် ထောင်ကြတယ်။

mgyoe.com

mgyoe.com

ဦးဘဖေ (ဘကြီးဘဖေ)၊ ဦးမောင်ကြီး (ဆာမောင်ကြီး)၊ ဒေါက်တာဦးဘရင်တို့ဟာ ဝိုင်အမ်ဘီအေအသင်းကို စတည်ထောင်သူတွေပဲ။ ဦးစိန်လှအောင်တို့လည်း ပါတယ်။ ဦးမောင်ကြီး၊ ဦးစိန်လှအောင်နဲ့ ဒေါက်တာဦးဘရင်တို့တစ်တွေ နိုင်ငံခြားမှာ ပညာသွားသင်ကြတော့ အသင်းမှာ အလုပ်လုပ်မဲ့လူ နည်းသွားပြန်ရော။ ဝိုင်အမ်ဘီအေအသင်း စထောင်တဲ့နှစ်ဟာ ဆာမောင်ကြီး၊ ဦးဘဖေ၊ ဦးစိန်လှအောင်တို့ ဘီအေအောင်တဲ့ ၁၉၀၆ ခုနှစ်ကပဲ။ သူ့ခေတ် သူ့အခါနဲ့တော့ ဒီလိုအသင်းမျိုး ထောင်ကြတယ်ဆိုတာ လုပ်ရဲသူများမှ လုပ်ကြတဲ့ အလုပ်ကြီးတစ်ခုပေါ့၊ ချီးမွမ်းစရာပဲ။

အဲဒီအခါတုန်းက ဒီအသင်းကို သတင်းစာတွေကလည်း အားမပေးဘူး။ လူကြီးတွေကလည်း မကြိုက်လှဘူး။ ၁၉၀၈ ခု ၁၉၀၉ ခုနှစ်လောက်မှာ နန်းရင်းဝန်ဟောင်းလို့ လူသိများတဲ့ ရွှေကျင်ဦးပုနဲ့ ဦးမေအောင်တို့ ဝတ်လုံဘွဲ့ရပြီး ဘိလပ်က ပြန်လာကြတယ်။ ၁၉၁၀ ခုနှစ်မှာတော့ ဦးမေအောင်ကို ဝိုင်အမ်ဘီအေအသင်း ဥက္ကဋ္ဌ တင်မြှောက်ကြတယ်၊ ဦးမေအောင်က အင်္ဂလိပ်ဘာသာနဲ့ ဘားမင် (Burman) ဆိုတဲ့ သတင်းစာတစ်စောင်ကို ထုတ်တယ်။ ၁၉၁၂ ခုနှစ်အထိ ထွက်နေတဲ့ ဒီသတင်းစာဟာ အဆင့်အတန်းမြင့်တယ်။ ခေါင်းကြီးပိုင်းအရေးအသား အင်မတန်ကောင်းတယ်။ ဝိုင်အမ်ဘီအေအသင်းရဲ့ အတွင်းရေးမှူးက ဦးစံလွင်ပါ။ ဦးစိန်လှအောင်ရော ဦးစံလွင်ရော အသက်ငယ်ငယ်နဲ့ ကွယ်လွန် အနိစ္စရောက်သွားကြတယ်။ နှမြောစရာ သားကောင်းတွေပါ။

mgyoe.com

mgyoe.com SAMPLE BOOK


၁၉၁၀ ခုနှစ်လောက်ကစပြီး ဝိုင်အမ်ဘီအေအသင်းတွေ ခေတ်စားလာတယ်လို့ ဆိုရပါမယ်။ ကျွန်တော်အလုပ်လုပ်ရာ၊ နေထိုင်ရာ ညောင်လေးပင်မြို့မှာလည်း ဝိုင်အမ်ဘီအေအသင်းကို အဲဒီ ၁၉၁၀ ခုနှစ်လောက်မှာပဲ စပြီးတည်ထောင်ပါတယ်။ နိုးနိုးကြားကြား စတင်တည်ထောင်သူတွေကတော့ ဦးလွန်းမောင် (ရဲဘော်သုံးကျိပ်ဝင် ဗိုလ်ထိန်ဝင်း – ကိုဆောင်းရဲ့ဖခင်)၊ ဦးဖိုးဆိုင်၊ ဦးဖိုးတေ၊ ဦးပုံ၊ ဦးလူကလေး (တီဒီဖင်လေစာရေးကြီး)၊ အငြိမ်းစားအခွန်ဝန် ဦးမောင်ကလေး (သမဝါယမမင်းကြီး ဦးငွေခင် – ဒေါ်သန်းသန်းတို့ရဲ့ဖခင်)၊ သျှောင်ကြီးဖွေလို့ ခေါ်ကြတဲ့ မြို့ပိုင်ကြီး ဦးသာဦး၊ ရွာမဘက်က ဦးပူတေး၊ ဦးလွန်းမြ (ကျောင်းဆရာကြီး ဦးအုန်းကျော်ရဲ့ဖခင်) စတဲ့ ပုဂ္ဂိုလ်တွေပဲ။

တခြားမြို့တွေမှာလိုပဲ ကျွန်တော်တို့ ညောင်လေးပင်မြို့မှာ ဝိုင်အမ်ဘီအေအသင်း စပြီးတည်ထောင်သူတွေဟာ ခေတ်အခါအလိုက် ပညာဗဟုသုတရှိသူ၊ ဉစ္စာပစ္စည်း တော်တော်သင့်သင့် ကြွယ်ဝသူတွေပဲ။ အမျိုးဘာသာသာသနာ ကြီးပွားတိုးတက်ဖို့ နိုးကြားတဲ့ စိတ်ဓာတ်ရှိကြသူတွေလို့ ဆိုရပါမယ်။

ဝိုင်အမ်ဘီအေအသင်းတွေ အရှိန်ရစဖြစ်တဲ့ အဲဒီအချိန်မှာ အစိုးရအမှုထမ်း တော်တော်များများကလည်း အသင်းသားအဖြစ် ပါဝင်ပြီး တက်တက်ကြွကြွ လုပ်ကြကိုင်ကြတယ်။ မြို့အုပ်ကြီး ဦးသာဦးဆိုရင် အလုပ်ဝတ္တရားနဲ့ နယ်လှည့်ရင်း ဝိုင်အမ်ဘီအေအသင်းအတွက် ရန်ပုံငွေကောက်ခံခဲ့တာ မနည်းဘူး။ နယ်ပိုင်ဝန်ထောက်၊ ရာဘက်တရားသူကြီး

mgyoe.com

mgyoe.com


စတဲ့ တခြားဗမာအရာရှိတွေကလည်း တတ်အားသမျှ ဝိုင်းဝန်းကူညီကြပါတယ်။

ဝိုင်အမ်ဘီအေအသင်းက ကောက်ခံလို့ရတဲ့ရန်ပုံငွေနဲ့ စာသင်ကျောင်းတစ်ကျောင်း တည်ထောင်ကြတယ်။ ရန်ကုန်က ခေါင်းဆောင်တွေနဲ့ ညောင်လေးပင်က ဦးလွန်းမောင် စတဲ့ ခေါင်းဆောင်တွေက အဲဒီခေတ် အဲဒီအချိန်တုန်းက အစိုးရအမှုထမ်း အရာထမ်းတွေကို သိမ်းသွင်းရမယ်၊ သူတို့မှာရှိထားတဲ့ မျိုးချစ်စိတ်တွေ မပျောက်ပျက်စေဘဲ ပြည်သူပြည်သားတွေရဲ့ဘက်မှာ နေရာတကျ အသုံးချထားရမယ်၊ ဒါမှ အင်အားကောင်းမယ်လို့ မြင်ကြတယ်။

ဒါ့ကြောင့် အပေါင်းအသင်း ရောင်းရင်းတွေဖြစ်ကြတဲ့ အရာရှိတွေနဲ့ ပြည်သူအများ ပညာသင်ကြားရေး၊ ဗဟုသုတ တိုးပွားရေးလုပ်ငန်းတွေမှာ ဒိုးတူပေါင်ဖက် လုပ်ကြတယ်၊ အသင်းရန်ပုံငွေနဲ့မ တည်ထူထောင်ထားတဲ့ ကျောင်းကိုတောင် ဝိုင်အမ်ဘီအေလို့ နာမည်မတပ်ဘဲ ပါဝင်လုပ်ကိုင်တဲ့ အရာရှိတွေပါ စိတ်ချမ်းသာအောင် (King Edward Memorial School) အက်ဒွပ်ဘုရင် အထိမ်းအမှတ်ကျောင်းဆိုပြီး နာမည်ပေးကြတယ်။

ဦးလွန်းမောင်၊ ဦးဖိုးဆိုင်၊ ဦးဖိုးတေ စတဲ့ ပုဂ္ဂိုလ်များရဲ့ စိတ်ထဲဝမ်းထဲကတော့ ကျောင်းနာမည်ကို "ဝိုင်အမ်ဘီအေကျောင်း" လို့ အတိအလင်း ရှင်းရှင်းကြီး ခေါ်ချင်ကြတာပဲ။ ဒါပေမဲ့ ပညာသင်ကြားရေးလုပ်ငန်း အောင်မြင်ဖို့ အရေးကြီးတယ်ဆိုပြီး အရာရှိတွေနဲ့ တစ်ဖက်တစ်လမ်း မဖြစ်ရအောင် သူတို့ကြိုက်တဲ့ ကျောင်းနာမည်ကို စကားတောင် မစကြဘူး။

mgyoe.com

mgyoe.com
SAMPLE BOOK


ဒီလိုနဲ့ ဝိုင်အမ်ဘီအေအသင်းဟာ မြို့လူထု နယ်လူထု အားကိုးရာဖြစ်လာတယ်။ အဲဒီအချိန်မှာ ခရစ်ယာန်သာသနာပြုများက စာသင်ကျောင်းတွေဖွင့်ပြီး တွင်တွင်ကြီး သာသနာပြုနေကြပြီ။ ဝိုင်အမ်ဘီအေ အသင်းခေါင်းဆောင်များက နိုးနိုးကြားကြား တက်တက်ကြွကြွ သမာဓိရှိရှိ လုပ်ဆောင်ကြတော့ အစိုးရအရာရှိတွေကလည်း လေးစားတယ်၊ အစိုးရအနေနဲ့လည်း ဘာမှဝင်မစွက်ဘူး။

အဲဒီ ဘုရင်အက်ဒွပ် အထိမ်းအမှတ်ကျောင်းမှာ ကျွန်တော်ကျောင်းဆရာ စလုပ်တာက ၁၉၁၇ ခုနှစ်ပါ။ အိုင်အေအောင်ပြီး စက်ကင်ဒရီလို့ခေါ်တဲ့ အလယ်တန်းပြ လက်မှတ်ရတဲ့အပြင် ဆယ်တန်းအထိ သင်နိုင်ဖို့ ဟိုင်းယားဂရိတ် (Higher Grade) ဆရာအတတ်သင် ပညာရပ်များကို ဘက်ပတစ္စကောလိပ် (Baptist College) မှာ တက်ခဲ့ပါတယ်။ ဒါ့ကြောင့် အက်ဒွပ်အထိမ်းအမှတ် အလယ်တန်းကျောင်းမှာ ဒုတိယကျောင်းဆရာကြီးအဖြစ် စပြီး အလုပ်ဝင်ရတာပါ။

အသက်အရွယ်ကလည်း ငယ်သေး၊ စိတ်အား ထက်ထက်သန်သန်နဲ့ လုပ်ကိုင်တာတွေလည်း တွေ့တော့ အလုပ်ဝင်လို့ မကြာခင်မှာဘဲ ဦးလွန်းမောင် စတဲ့ လူကြီးတွေက တာဝန်ပေးလို့ ဝိုင်အမ်ဘီအေအသင်းရဲ့ အတွင်းရေးမှူး (စက္ကရီတေရီ) အဖြစ်လည်း တာဝန်ယူရပါတယ်။

အဲဒီအချိန်ပိုင်းက အင်္ဂလိပ်နှင့် ပြင်သစ်ကတစ်ဖက်၊ ဂျာမနီကတစ်ဖက် တိုက်ကြတဲ့ ပထမကမ္ဘာစစ်ပွဲကြီးနဲ့ ပြောင်းလဲတဲ့ ကမ္ဘာ့အခြေအနေတွေကို အကြောင်းပြုပြီး အိန္ဒိယနဲ့ ဗမာပြည်မှာ နိုင်ငံရေးအများကြီး နိုးကြားလာတယ်။ သူရိယ၊ မြန်မာ့အလင်း၊ ပညာ့အလင်း

mgyoe.com

mgyoe.com
SAMPLE BOOK


စတဲ့ ပြည်သူတွေဘက်က ရေးဖော်ရတဲ့ သတင်းစာတွေရဲ့ ကျေးဇူး လည်း ပါတယ်လို့ ဆိုရမှာပဲ။ အခြေအနေအရပ်ရပ်နဲ့ ပြည်သူတွေရဲ့ တောင်းဆိုချက်တွေကြောင့် ဝိုင်အမ်ဘီအေအသင်းနဲ့ အလားတူ အသင်း တွေရဲ့ ရည်ရွယ်ချက်ကလည်း ဘာသာရေး ပညာရေးလုပ်ငန်းလောက် နဲ့ ရပ်မနေနိုင်တော့ဘူး။ နိုင်ငံရေးဘက် ခြေလှမ်း လှမ်းလာကြပြီ။ တကယ်တော့ ဒါသဘာဝပဲ။

ဗြိတိသျှအစိုးရကတော့ အမှုထမ်း အရာထမ်း လခစားတွေကို သူတို့ဘက်သားသက်သက် ဖြစ်စေချင်တယ်။ နိုးကြားတဲ့ ပြည်သူတွေနဲ့ အတူ အပါမခံနိုင်ဘူး။ ဒါ့ကြောင့် အစိုးရအမှုထမ်းတွေ ဝိုင်အမ်ဘီအေ အသင်းဝင်အဖြစ်က နုတ်ထွက်အောင်လုပ်တယ်။

အစိုးရအမှုထမ်းတွေ မပါတော့မှ ဝိုင်အမ်ဘီအေ ခေါင်းဆောင် တွေဟာ လုပ်စရာတွေကို ငဲ့စရာမလိုတော့ဘဲ လွတ်လွတ် ကျွတ်ကျွတ် လုပ်နိုင်ကြတော့တယ်။ ဒီလိုနဲ့ နောက်တော့ ဂျီစီဘီအေ အသင်းချုပ်ကြီး ဖြစ်လာတာပဲ။

တိုးတက်ပြောင်းလဲလာတဲ့ နိုင်ငံရေး အခြေအနေအရ ကျွန်တော် တို့ ညောင်လေးပင်မြို့ အက်ဒွပ်ဘုရင် အထိမ်းအမှတ်ကျောင်းဟာ 'ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကျောင်း' (Y.M.B.A Buddhist School) လို့ ဖြစ်လာတာပေါ့။

ဝိုင်အမ်ဘီအေ ဗုဒ္ဓဘာသာကျောင်းလို့ နာမည်စပြောင်းတဲ့ အချိန်က အစိုးရအထောက်အပံ့ခံ အလယ်တန်းကျောင်းပဲ ရှိပါသေး တယ်။ အသင်းဝင်လူကြီးတွေက မနေမနား ကြိုးစားကြတာကြောင့် ၁၉၁၉ ခုနှစ်ရောက်တော့ အထက်တန်းကျောင်းကြီး ဖြစ်လာတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK


ကျောင်းကြီး ကြီးပွားလာအောင်လည်း အသင်းပိုင်ငွေနဲ့ ညောင်လေးပင်ဈေးမြောက်ဘက်က ကပ်နေတဲ့ ၂ ထပ်တိုက်ကို ဝယ်လိုက်တယ်။ တိုက်ဘေးက မြေလွတ်မှာ ရုပ်ရှင်ရုံဆောက်တယ်၊ ၂ ထပ်တိုက်ရဲ့ အပေါ်ထပ်ကို အသင်းတိုက်အဖြစ်ထားပြီး အောက်ထပ်ကိုတော့ လက်ဖက်ရည်ဆိုင်ဖွင့်ဖို့ ငှားလိုက်တယ်။ ရုပ်ရှင်ရုံကရတဲ့ငွေနဲ့ တိုက်အောက်ထပ်က ရတဲ့ငွေကို ကျောင်းကြီးအတွက်သုံးတယ်။ အစိုးရဆီကရတဲ့ ထောက်ပံ့ကြေးက မလုံလောက်ဘူး။ ဆရာတွေရဲ့ လစာတချို့ကိုပါ ဒီငွေနဲ့ပေးရတာပဲ။

ကျွန်တော့်ကိုလည်း ၁၉၂၀ ခုနှစ် မေလကစပြီး ကျောင်းဆရာကြီးအဖြစ် တိုးမြှင့်ခန့်ပါတယ်။ ကျောင်းမှာ ဆရာ ဆရာမပေါင်း ၂၀ ကျော်ရှိတယ်။ အောက်တန်းတွေမှာ အင်္ဂလိပ်စာပြဖို့ အင်္ဂလိပ်ကပြား (Anglo-Indian) ဆရာမနှစ်ယောက်လည်း ခန့်ထားပါတယ်။

ကညွတ်ကွင်း၊ ပဲနွယ်ကုန်း၊ ကျောက်တံခါး၊ ပြွန်တန်ဆာ၊ ဒိုက်ဦးက ကျောင်းသားတွေပါ လာပညာသင်ကြတယ်။ ကျွန်တော်တို့ကျောင်းက မွေးထုတ်လိုက်တဲ့ ကျောင်းသား တချို့လည်း နိုင်ငံရေးနယ်ပယ်ထဲကို ရောက်ကြတယ်။ တချို့လည်း အမှုထမ်း အရာထမ်းဘက်ကို ရောက်ကြတယ်။ ပွဲစားကုန်သည် ဖြစ်တဲ့လူတွေလည်း မနည်းဘူး။

ပြွန်တန်ဆာက ကျောင်းလာတက်တဲ့ မောင်အောင်ချိန်ဟာ ပုလိပ်မင်းကြီးဦးအောင်ချိန် ဖြစ်လာတယ်။ မောင်ဘသင်းဟာ လျှပ်စစ်မင်းကြီး ဖြစ်လာတယ်။ မောင်ထွန်းမင်းဟာ အိုင်စီအက်စ် အရွေးခံ

mgyoe.com

mgyoe.com


ရပြီး ဆုံးသွားရှာတယ်။ ပုဇွန်မြောင်းက မောင်အောင်ဖေဟာ သခင်အောင်ဖေ ဖြစ်လာတယ်။ ပြွန်တန်ဆာက မောင်ဘသောင်းလည်း သခင်ဘသောင်းဖြစ်တယ်။ ညောင်လေးပင်က မောင်လှိုင်းမောင်လည်း သခင်လှိုင်းမောင် ဖြစ်သွားတယ်။ မောင်စိုးမောင်လည်း ညောင်လေးပင်မြို့နယ်က တင်မြှောက်တဲ့ အမတ်ဖြစ်ပြီး ၁၉၄၁ ခုနှစ် ဂျပန်မဝင်ခင်ပါလီမန်အတွင်းဝန် ဖြစ်တယ်။ ရွာမက ကိုမြသိန်းကတော့ ရန်ကုန်ဟိုက်ကုတ်ရှေ့နေကြီးဦးမြသိန်း ဖြစ်နေပါတယ်။

၁၉၂၀ ခုနှစ် ဒီဇင်ဘာလ ၂ ရက်နေ့မှာ တစ်တိုင်းတစ်ပြည်လုံးမှာရှိတဲ့ အစိုးရကျောင်းတွေ၊ အစိုးရအထောက်အပံ့ခံ ကျောင်းတွေအားလုံးက ကျောင်းသူကျောင်းသားတွေဟာ ကျောင်းမတက်ဘဲတညီတညွတ်တည်း သပိတ်လက်နက် စွဲကိုင်ကြပါတယ်။

သပိတ်မှောက်ကြတဲ့ အကြောင်းကတော့ ယူနီဗာစီတီအက်ဥပဒေကို သဘောမကျလို့ ရန်ကုန်ကောလိပ်နဲ့ ဘက်ပတစ္စကောလိပ်က ကျောင်းသားကြီး ၁၁ ယောက်က ခေါင်းဆောင်ပြီး ကောလိပ်ကျောင်းသားတွေ သပိတ်မှောက်ကြတာနဲ့ အမြို့မြို့အနယ်နယ်က ကျောင်းသူကျောင်းသားတွေက ထောက်ခံပြီး ကျောင်းမတက်ဘဲ ဆန္ဒပြကြ၊ သပိတ်မှောက်ကြတာပဲ။

နောက်တော့ သပိတ်မှောက်ကျောင်းသားတွေရဲ့ စွမ်းဆောင်ချက်ကြောင့် အမျိုးသားကျောင်း၊ နေရှင်နယ်ကျောင်းတွေ ပေါ်လာတယ်။ ကျွန်တော်တို့ကျောင်းလည်း အမျိုးသားကျောင်းအဖြစ် နာမည်ပြောင်းလိုက်တယ်။ ဒီလိုပြောင်းပြီး အစိုးရဆီက အထောက်အပံ့ကိုမယူဘဲ အစိုးရအုပ်ချုပ်မှုအောက်က လွတ်လွတ်ကင်းကင်း ဆက်ပြီး

mgyoe.com

mgyoe.com

SAMPLE BOOK


ပညာသင်ကြားပေးကြတယ်။ ဆရာတွေကို ကျောင်းသားတွေဆီက ရသမျှ လခကလေးနဲ့ ဝိုင်အမ်ဘီအေရန်ပုံငွေနဲ့ ဆက်ပြီးထောက်ပံ့တယ်။ အင်္ဂလိပ်ကပြား ဆရာမနှစ်ယောက်ကတော့ ထွက်သွားကြတယ်။

နေရှင်နယ်ကျောင်းဆရာကြီးအဖြစ် အမှုထမ်းနေတုန်းမှာပဲ စက်ပိုင်ရှင် လယ်ပိုင်ရှင် ကျောင်းဒကာကြီး ဦးဖြိုး – ကျောင်းအမကြီး ဒေါ်မမလေးတို့ရဲ့သမီး မအေးကြိုင်နဲ့ ကျွန်တော် အိမ်ထောင်ကျပါတယ်။

သားဦးကလေး မွေးဖွားပြီးတော့ ရတဲ့လခကနည်း ကလေးရဲ့ ဆေးဖိုးဝါးခအတွက်ပါ ပိုကုန်နေရနဲ့ မလောက်မငဖြစ်နေတာပေါ့။ ယောက္ခမလုပ်သူ ဒေါ်မမလေးက လိုတာထုတ်ပေးပြီး ကျွေးမွေးထားပေမဲ့ ကြာတော့ အားနာတာကလည်း တစ်ကြောင်း၊ ချမ်းသာတဲ့ ယောက္ခမဆီမှာ လက်ဖြန့်ခံပြီး မနေချင်တာက တစ်ကြောင်း၊ တောင်ငူမှာရှိတဲ့ မိခင်မုဆိုးမကြီးကို အထောက်အပံ့ ပျက်နေတာကလည်း တစ်ကြောင်းကြောင့်၊ ၁၉၂၂ ခု မတ်လ ကျောင်းရက်ရှည်ပိတ်တုန်း ဇနီးကို အလုပ်တစ်ခုခုတော့ ရှာဦးမှလို့ပြောတော့၊ ဇနီးက ရွာမဘက်မှာရှိတဲ့ သူ့မိဘပိုင် ဆန်စက်မှာ မန်နေဂျာလုပ်ဖို့ ပြောပါတယ်။

ဟိုခေတ် ဆန်စက်မန်နေဂျာ ဆိုတာက မှန်မှန် စက်လည်သလားကြည့်၊ အလုပ်သမားတွေကို လစာပေးဆိုတဲ့ အလုပ်လောက် မဟုတ်ဘူး ဆန်စပါး ရောင်းဝယ်ရေးတွေကအစ စီးပွားရေးကြီးတစ်ခုလုံး ကိုယ့်ဟာကိုယ် ကိုယ်တိုင်ဦးစီးပြီး လုပ်သွားရတာမျိုးဖြစ်တော့ သင်ထားတဲ့ ပညာကလည်း ဒါမျိုးမလုပ်တတ်တဲ့ ပညာမျိုးမဟုတ်လား။

mgyoe.com

mgyoe.com

SAMPLE BOOK


ဒါ့ကြောင့် ဘယ်လိုမှ စီးပွားရေးနဲ့ မဟာပ်မိတာနဲ့ ဇနီးပေးတဲ့အကြံကို လက်မခံဘဲ ထားလိုက်ရတယ်။

ဒီအတောအတွင်းမှာပဲ ဒုတိယမြို့အုပ် (Deputy Myo Ok) ၂၀ လိုတယ်၊ လျှောက်ထားသူဟာ အိုင်အေအောင်ရမယ်လို့ အစိုးရက ကြေညာပြီး ခေါ်နေပါတယ်။ ဆရာတော် ဦးဥတ္တမက "တိုင်းပြည်က ထွက်သွား" လို့ အငေါက်ခံ အနှင်ခံရတဲ့ ဒုတိယဘုရင်ခံ ကရက်ဒေါက် လက်ထက်ပါ။

ဒီကြေညာကိုတွေ့တော့ လျှောက်ရကောင်းမလား မလျှောက်ဘဲနေရ ကောင်းမလားဆိုကာ ချီတုံချတုံဖြစ်နေရင်း ကွယ်လွန်သူ ဖခင်ကြီးကိုလည်း ပြေးပြီး မြင်မိတယ်။

ကျွန်တော့်ဖခင်ကြီးဟာ ကျောက်ဆည်မှာ အခွန်တော် စာရေးကြီးအဖြစ်နဲ့ ၁၈၉၇ ခုနှစ်က ၁၉၀၃ ခုနှစ်လောက်အထိ အမှုထမ်း ခဲ့တယ်။ အမှုထမ်းနေတုန်း မကျန်းမမာဖြစ်ပြီး ကွယ်လွန်ပါတယ်။ သူကွယ်လွန်ကာနီး ကလေးမှာ မြို့အုပ်အဖြစ်ခန့်တဲ့ ဂေဇက်ထွက်လာ ပါတယ်။ လုပ်မသွားရရှာပါဘူး။

ဖခင်ကြီး ကျောက်ဆည်မှာ အခွန်တော်စာရေးကြီး လုပ်တုန်း က ကျွန်တော့်အသက်ဟာ ၇ နှစ်၊ ၈ နှစ်လောက်ပဲ ရှိဦးမယ် ထင်ပါတယ်။ အဖေက ရုံးတက်ရင် ပုဆိုးရှည်ကြီးဆီးလို့၊ ခေါင်းပေါင်း စကြီးကလည်း တလူလူနဲ့၊ ဒေါက်ကပ်ကြီးစီးပြီး ရုံးတက်တယ်။ မြင်းထိန်းဖို့ အိမ်မှာ မြင်းထိန်းငှားထားရတယ်။ ကျွန်တော့်အထက်က အစ်မနှစ်ယောက်ရှိသေးတော့ အစ်မနှစ်ယောက်ကို ပြုစုဖို့လည်း လင်မယားနှစ်ယောက် ငှားထားရသေးတယ်။ ဒါ့ပြင် ထမင်းချက်

mgyoe.com

mgyoe.com
SAMPLE BOOK


ရေခပ်ဆိုတာတွေလည်း ရှိကြသေးတယ်။ ဒါတွေကို ပြန်မြင်ပြီး အဖေရဲ့လခဟာ အလွန်ဆုံး တစ်ရာ့အစိတ်ပဲရှိမယ်၊ ဒါလောက် လစာကလေးနဲ့ စာရေးစာချီကတောင် ဟန်ကျပန်ကျ နေနိုင်ခဲ့တာ မြို့အုပ်ဆိုရင် ဘာပြောစရာရှိမလဲ၊ ပြည်သူပြည်သားတွေရဲ့အပေါ် ဗြူရိုကရက်အင်္ဂလိပ်အရာရှိတွေရဲ့ အတုခိုးပြီးလုပ်ကြလို့ သူတို့ ဒီလိုနေနိုင်ကြတာဖြစ်မှာပဲ၊ ငါ့ကျေးဇူးရှင်ကြီးလည်း ဒီအထဲမှာ တစ်ယောက်အပါအဝင်ပဲစသဖြင့် ကျွန်တော် မြို့အုပ်မဖြစ်ခင်က ဗြူရိုကရက်ဘဝကို အားကျတဲ့အတွေးများ ပေါ်ဖူးပါတယ်။

ဒုတိယမြို့အုပ် ရာထူးအတွက် လျှောက်လိုက်ရင် မျိုးချစ်စိတ်အပြည့်နဲ့ ကျောင်းကြီးကို သပိတ်မှောက်သွားတဲ့ တပည့်တွေက အပြစ်တင် ရှုတ်ချကြမှာကိုလည်း ကြောက်တယ်။ သစ္စာဖောက်ပြီး ကျွန်တော်တို့ကို ဆရာပစ်သွားတော့မှာလား၊ ကျွန်တော်တို့ကို မချစ်တော့ဘူးလား၊ ဒုက္ခခံကြရရင်လည်း တိုင်းပြည်အတွက် ဒုက္ခခံကြဖို့အရေးမှာဆရာဟာ ဗြူရိုကရက် အင်္ဂလိပ်အစိုးရရဲ့ လက်အောက်မှာ မြို့အုပ်ရာထူးယူပြီး ဗြူရိုကရက်ကြီး လုပ်သွားမှာလားဆိုတဲ့ အပြောအဆိုတွေ ကဲ့ရဲ့ရှုတ်ချတာတွေ ခံရမှာတွေ တွေးပြီး ကြောက်မိပါတယ်။ ဒါပေမဲ့ သူတို့မသိတဲ့ ကိုယ်ရေးကိုယ်တာကိစ္စတွေက ရှိနေတယ်မဟုတ်လား။ ကိုယ့်ဝမ်းနာ ကိုယ်သာသိပဲ။

နောက်ဆုံးတော့ "ဟယ်... ဘာပဲဖြစ်ဖြစ် ဗြူရိုကရက်မြို့အုပ်အဖြစ် အမှုထမ်းရပေမဲ့ တိုင်းပြည်အကျိုး၊ ပြည်သူအများအကျိုးကို ဝံသာနုစိတ်ထားနဲ့ တစ်ဖက်တစ်လမ်းက ဆောင်ရွက်နိုင်

mgyoe.com

mgyoe.com


သားပဲ။ ကဲ့ရဲ့လည်း ခဏပေါ့၊ နောက်တော့ သိကြမှာပေါ့” လို့ စိတ်တင်းပြီး လျှောက်လွှာတင်လိုက်ပါတယ်။ ဇနီးကိုတောင် မတိုင်ပင်တော့ပါဘူး။

■

mgyoe.com

mgyoe.com SAMPLE BOOK

( ၂ )

# ရှိခိုး ဘုရားထူးခေတ်

ဗြိတိသျှအစိုးရ သင်ပေးတဲ့ပညာကို ကျွန်ပညာလို့ ခေါ်ကြတာ တစ်နေ့တခြား သရုပ်ပေါ်ပါပြီ။ ဒုတိယမြို့အုပ် အရွေးခံရဖို့ လျှောက်လွှာတင်သူ ၄၀၀ ရှိတယ်လို့ သိရပါတယ်။ ပညာတတ်တွေဟာ တခြားအလုပ်မျိုးလည်း မလုပ်တတ်ကြဘူး။ နောက်ပြီး အစိုးရလခစားက ဂုဏ်ရှိသလိုလို ဖြစ်လာတယ်။ မြို့အုပ်လုပ်ချင်သူတွေ ပေါနေပြီ။

ရေးဖြေစာမေးပွဲတွေ ဘာတွေ မလုပ်ပါဘူး၊ အင်္ဂလိပ်လူမျိုးဖြစ်တဲ့ ပဲခူးတိုင်းမင်းကြီးက ဥက္ကဋ္ဌလုပ်ပြီး မင်းတိုင်ပင်အမတ်တစ်ယောက်နဲ့ ရန်ကုန်အရေးပိုင်သာပါတဲ့ ဘုတ်အဖွဲ့က ၂ မိနစ်လောက်ခေါ်တွေ့ပြီး ဆုံးဖြတ်လိုက်တာပဲ။

"ကျောင်းဆရာကြီးအဖြစ်က ဘာဖြစ်လို့ မြို့အုပ်လုပ်ချင်တာလဲ" လို့ ကျွန်တော့်ကို မေးတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျွန်တော်က "မြို့အုပ်မလုပ်ချင်ပါဘူး၊ ကျောင်းဆရာက ရှေ့တက်လမ်းမရှိလို့ လျှောက်တာပဲ" လို့ တိုတိုပဲ ပြန်ဖြေခဲ့တယ်။ အမေးအဖြေကတော့ ဒါပါပဲ။

လျှောက်ကြတဲ့အထဲမှာ ကောလိပ်ကျောင်းက ဘီအေစီနီယာတို့၊ ဘီအေဂျူနီယာတို့လည်းပါရဲ့။ စစ်ပြန်လက်ဖတင်နင် ဗိုလ်တွေလည်းပါရဲ့။ ဒီလူတွေကိုကြည့်ပြီး "ငါတော့ ဒီပွဲမှာ တိုးနိုင်မှာ မဟုတ်ပါဘူး၊ အရွေးခံရဖို့တော့ ဝေးပါတယ်" လို့ စိတ်နှလုံး တုံးတုံးချထားလိုက်တယ်။

နောက်တစ်နေ့ ကြေညာချက်ထွက်လာတော့ အရွေးခံရသူ ၂၀ ထဲမှာ ဘီအေအောင်သူ ၈ ယောက်၊ စစ်ပြန်လက်ဖတင်နင် ဗိုလ်ကလေးတွေ ၈ ယောက်၊ ကျွန်တော်အပါအဝင် ကျောင်းဆရာကြီးက ၂ ယောက်၊ ဘီအေစီနီယာက ၂ ယောက် ဖြစ်နေတယ်။

ဒီလိုအရွေးခံရတာကို ယူနီဘာစီတီအက်ဥပဒေအပေါ် သဘောမကျလို့ စီနီယာဘီအက်စ်စီ သင်နေရာက သပိတ်မှောက်ပြီး ထွက်လာတဲ့ ခေါင်းဆောင် ၁၁ ယောက်ထဲပါတဲ့ ညီဖြစ်သူ ဖိုးကွန်းများ သိသွားရင် ညီအစ်ကိုနှစ်ယောက် စိတ်ဝမ်းကွဲကြရတော့မှာပဲလို့ စဉ်းစားမိတာနဲ့ ဒီကိစ္စကို သူကြားမှာစိုးလို့ လေသံတောင် မဟရဲဘူး။

၁၉၂၂ ခု စက်တင်ဘာလ ၂၂ ရက်နေ့မှာ အလုပ်သင်မြို့အုပ်ကလေးအဖြစ်နဲ့ မန္တလေးကိုသွားဖို့ အမိန့်ရောက်လာတော့ တောင်ငူမှာရှိတဲ့ အမေရယ်၊ အမေ့ညီမ အဒေါ် ဒေါ်ဖွားညွန့် (ဖိုးကွန်းရဲ့ အမေ) ပြီးတော့ အမေတို့ရဲ့ အစ်ကိုအကြီးဆုံး ဦးဖိုးအို (ကျွန်တော်ရဲ့ဘကြီး) ကို ကန်တော့ဖို့ တောင်ငူကို ခဏဝင်ပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဒီအချိန်မှာ ဖိုးကွန်းဟာ ယူနီဘာစီတီပြုရှိရှိရာ ဗဟန်းကနေ တောင်ငူနေရှင်နယ်ကျောင်းကို လာပြီး ကျောင်းအုပ်ကြီးအဖြစ်နဲ့ တာဝန်ယူနေပါတယ်။ ဒါကို ကျွန်တော်သိရင် တောင်ငူကို မဝင်ပါဘူး။ ကျွန်တော်ရောက်တော့ အိမ်မှာ ဖိုးကွန်းရှိနေတယ်လေ။ ကျွန်တော်ဝင်နှုတ်ဆက်တော့ မိခင်ကြီးနဲ့ အဒေါ်တို့ ဘကြီးတို့က သိပ်ဝမ်းသာကြတယ်။ ပြီးတော့ ဖွယ်ဖွယ်ရာရာတွေချက်ပြီး ဘကြီးဖိုးအိုရဲ့သား တောင်ငူမြို့ပိုင် ကိုဘတင် (ကျွန်တော်နဲ့ ညီအစ်ကိုတစ်ဝမ်းကွဲ) နဲ့ ဖိုးကွန်းရယ်၊ ကျွန်တော်ရယ် ညီအစ်ကို ၃ ယောက်ကို ထမင်းပွဲကြီးပြင်ပြီး ဖွားညွန့်က ကျွေးတယ်။ ဒီအခါ "အစ်ကိုဖြစ်ပေမဲ့ သစ္စာဖောက်မို့ တစ်ဝိုင်းတည်း ထမင်းအတူမစားဘူး" လို့ပြောပြီး ဖိုးကွန်းက ထမင်းမစားဘဲ ထသွားတယ်။ ဒီလိုလုပ်တော့ သူ့အမေ ဖွားညွန့်က မျက်ရည်ကျရှာတယ်။ ထမင်းစားပြီး ကျွန်တော် ဘူတာကို ဆင်းတော့လည်း သူလိုက်မပို့ဘူး။

အသင်မြို့အုပ်ကလေးအဖြစ်နဲ့ မန္တလေးရောက်ပြီး အင်္ဂလိပ်အရေးပိုင် Macallum (I.C.S) ကို သူ့ရုံးခန်းထဲ သွားတွေ့တော့ နေရှင်နယ်ကျောင်းဆရာက လာတာဖြစ်လို့ သူတို့ကြိုက်တဲ့ ဒူးတုပ်ရှိခိုးတဲ့ အရိုအသေမျိုးမပေးမိဘူး။ ဒီလိုလုပ်ရမှာကိုလည်း လိပ်ပြာမသန့်ဘူး၊ ရှက်တယ်။

အရေးပိုင်က ကျွန်တော့်ကို အလုပ်သင်တုန်း တတ်အောင်သင်ဖို့ တတ်အောင်ကြိုးစားဖို့ ဩဝါဒပေးတယ်။ ၁၈ လလုံးလုံး လယ်ဝန်အတတ်၊ ငွေတိုက်အရာရှိအတတ်၊ ရာဇဝတ်မှု စစ်ဆေးပုံအတတ်၊ တရားမမှု စစ်ဆေးပုံအတတ်တွေကို မန္တလေးရုံးတွေမှာ သင်ယူရပါတယ်။

mgyoe.com

 mgyoe.com SAMPLE BOOK 

ဒီအချိန်က တရားသူကြီးတွေ၊ ဝန်ထောက်ကြီးတွေကလည်း ရုံးတက်ရင် ပိုးပုဆိုးတောင်ရှည်ကြီးတွေ တရွှမ်းရွှမ်းနဲ့၊ ခေါင်းပေါင်းစကြီးတွေ တလွင့်လွင့်နဲ့ ကျွန်တော့်မျက်စိထဲမှာ ကြည့်ရတာ သိပ်ကို ကျက်သရေရှိတယ်လို့ ထင်ပါတယ်။ ပြီးတော့ သူတို့က ခေါ်လို့ရှိရင်ဖြစ်ဖြစ်၊ စကားပြောရင်ဖြစ်ဖြစ် ဘုရားချင်း မိုးမွှန်အောင် ထူးကြ၊ ပြောကြပါတယ်။ အသင်မြို့အုပ်ကလေးဖြစ်တဲ့ ကျွန်တော့်ကိုတောင် မင်းစေတွေ (ရုံးပြာတာတွေ) က ဘုရားထူးကြပါတယ်။ မထူးကြပါနဲ့လို့ ပြောလည်းမရဘူး။ ဘုရားထူးခံရတိုင်း ကျွန်တော်က ရှက်တယ်။ ဝိုင်အမ်ဘီအေ ဝံသာနုအမျိုးသားကျောင်းဆရာစိတ်က ကိုယ်ထဲမှာ ရှိနေသေးတာကိုး။

ပုလိပ်ရဲသား ရိုးရိုးကိုတောင်မှ တောရွာတွေမှာ ပုလိပ်တော်မင်းဘုရားလို့ ခေါ်နေကြသေးတဲ့အချိန်ပဲ။ သတင်းစာတွေကတော့ အရာရှိတွေကို ဘုရားမထူးဖို့၊ ရှိမခိုးဖို့ ပညာပေး ရေးသားနေကြပြီ။ ရှိခိုးကြိုက်တဲ့ အရာရှိတွေနဲ့ ပတ်သက်ပြီးလည်း ထိထိမိမိကြီး ဖော်ထုတ်ရေးသားကြပြီ။

၁၉၃၈ ခုနှစ်၊ စက်တင်ဘာလ ၂၆ ရက်နေ့ထုတ် ပညာ့အလင်း သတင်းစာမှာဆိုရင် 'ရှိခိုးကြိုက်တဲ့ အိုင်စီအက်စ် တစ်ယောက်အကြောင်း' ဆိုတဲ့ ခေါင်းစဉ်နဲ့ အထက်ဗမာပြည် ဂေဇက်သတင်းစာပါ သတင်းကို ကိုးကားပြီး ရေးလိုက်တာကို တွေ့ရပါတယ်။

ရေးထားတဲ့အဓိပ္ပာယ်ကတော့ အထက်ဗမာပြည် ဂေဇက်သတင်းစာထဲမှာ သတင်းဆန်းတစ်ပုဒ် ဖတ်လိုက်ရပါတယ်။ ဖတ်ပြီး

mgyoe.com

mgyoe.com

SAMPLE BOOK


တယ်ဆိုရင်ပဲ အဲဒီရှိခိုးကြိုက်လှတဲ့ ပုဂ္ဂိုလ်ဟာ ဘယ်သူလဲလို့ သိပါတယ်။ သူဟာ ဘရောင်းစမစ်ဂျုံး အိုင်စီအက်စ် ဖြစ်တယ်။ သူ့ကို စစ်အမှုထမ်း ဒုတိယလက်ဖတင်နင်အဆင့် ရာထူးပေးထားတယ်။

ကွင်းထဲမှာ မြန်မာစစ်သားကလေးက စစ်ထုံးစံအတိုင်း ဆလံပေး အရိုအသေပြုပြီး စကားပြောတာကို ဗမာစစ်သားဟာ ဘာကြောင့် မြေပြင်မှာထိုင်ပြီး လက်အုပ်ချီရှိခိုး စကားမပြောသလဲ ဆိုပြီး စိတ်ဆိုးလွန်းလို့ သူ့အထက်က ဂျင်နရယ်ဗိုလ်မှူးကို သူက တိုင်တယ်။

ဒီတော့ ဂျင်နရယ်က စစ်သားတွေကို တန်းစီခိုင်းပြီး "ဘုရင်မင်းမြတ် ယူနီဖောင်းကို ဝတ်ဆင်ပြီး အထက်အရာရှိကို အရိုအသေ ပေးတဲ့နည်းမှာ ဗမာစစ်သား အင်္ဂလိပ်စစ်သားရယ်လို့ ခွဲခြားထားတာ မရှိဘူး၊ တစ်နည်းပဲရှိတယ်။ ဒီနည်းဟာ ဆလံပေးတဲ့နည်းနဲ့ စကားပြောတဲ့အခါ 'ဆား' (ခင်ဗျား) ထည့်ပြောတဲ့နည်းပဲ ရှိတယ်၊ ဒီနည်းကိုသာ လိုက်နာကြရမယ်" လို့ ဩဝါဒပေးတယ်ဆိုပြီး ဖော်ပြပါတယ်။ ပြီးတော့ အယ်ဒီတာရဲ့ မှတ်ချက်အဖြစ်နဲ့ "ငင်း ဂျင်နရယ်ဗိုလ်မှူး လုပ်ကိုင်ပုံကို သုံးကြိမ်တိုင် သာဓုခေါ်ထိုက်သည့်ပြင် အိုင်စီအက်စ်အရာရှိများသည်လည်း ကာလကြီးတစ်မျိုးဖြစ်လျက် ရှိခိုးခြင်း၏ လရက်များ ကုန်လွန်လေပြီဟု သတိပြုသင့်ကြပြီဖြစ်ကြောင်း" လို့ မှတ်ချက်ချထားပါတယ်။

ဒီလို ရေးကြသားကြ ပြောကြဆိုကြပေမဲ့ ဘုရားထူးကြတာများလာတော့ ဝံသာနုစိတ်ကလေးက အရှုံးပေးရပြီး မင်းစိတ် ပြုရိုကရက်စိတ် ဝင်လာပါတော့တယ်။ ကျွန်တော့်ဇနီးကိုလည်း

mgyoe.com

mgyoe.com

သူတို့ချင်းတွေ့ကြရင် မမဘုရားလို့ ထူးကြတော့ ဇနီးကလည်း ပထမ တော့ ရှက်ရှာပါတယ်၊ ကြာတော့လည်း ရိုးသွားမှာပဲ။

၁၉၂၃ ခုနှစ်မှာ အလုပ်သင်ပြီးလို့ ဒုတိယမြို့ပိုင် (A.T.O) အဖြစ်နဲ့ မြင်းခြံကို ပြောင်းရပါတယ်။ အရေးပိုင်က အင်္ဂလိပ်လူမျိုး Jew (I.C.S) ဂျူးဆိုတဲ့ အိုင်စီအက်စ်ပဲ။ မြို့အုပ်ကြီးကတော့ ဦးဖိုးကျောက်လို့ခေါ်ပါတယ်။ ရှေးမြို့အုပ်ကြီးပါ။ ပင်စင်ယူကာနီး ပါပြီ။

သူလည်း ရုံးတက်ရင် ပုဆိုးတောင်ရှည်နဲ့၊ ခေါင်းပေါင်းနဲ့၊ သျှောင်တစောင်းထုံးလို့၊ ကြည့်လို့ အင်မတန် ကျက်သရေရှိတဲ့ပုဂ္ဂိုလ် ပါ။ စိပ်ပုတီးကြီးကိုလည်း လက်ကမချဘူး။ သူက အမှုစစ်ရင် ဗမာ လိုပဲရေးတယ်။ အင်္ဂလိပ်စာ နည်းနည်းကျဉ်းကျဉ်းပဲ တတ်ပုံရပါတယ်။ တောတက်လေ့ မရှိဘူး။ တောသွားရမယ်ဆိုရင် ကျွန်တော့်ကိုပဲ ခိုင်းပါ တယ်။

မြေနုတွေပေါ်ရင် သွားခွဲဝေပေးရ၊ ဓားပြတိုက်ရင်လည်း သွားစုံစမ်းရ၊ လူသတ်မှုဖြစ်ရင်လည်း လိုက်ရနဲ့ မြို့ပိုင် မြို့အုပ်ဆိုတာ ဟိုတုန်းကတော့ သူ့ပိုင်နက်မြို့နယ်ထဲမှာ ဖြစ်သမျှအားလုံး တာဝန်ယူ ရတာပဲ။ နွားတွေ လျှာနာခွာနာ ဖြစ်တယ်ကြားရင်လည်း တိရစ္ဆာန် ဆရာဝန်နဲ့ လိုက်ရတာပဲ။ ဒုတိယမြို့အုပ်ကလေး ဘဝမှာ အဲဒီလိုအလုပ် ကို ပင်ပင်ပန်းပန်း လုပ်ရပါတယ်။ ဒီအချိန်မှာ အောက်လူရဲ့ ဘုရားထူး ရှိခိုးတာလည်း ခံနိုင်ရည်ရှိလာပြီ၊ အထက်ကိုလည်း အင်္ဂလိပ် အိုင်စီအက်စ်အရေးပိုင်က ရှိခိုးကြိုက်လို့ ဘုရားထူး ရှိခိုးတတ်တဲ့ အလေ့အကျင့် ကောင်းကောင်းရနေပါပြီ။

mgyoe.com

m g y o e . c o m


၁၉၂၄ ခုနှစ်မှာ အရေးပိုင် အပြောင်းအလဲဖြစ်ပြီး မြင်းခြံကို ကာနယ်ဘစ်ဝဲသာ (Col. Bigwether) ဆိုတဲ့ စစ်ပြန် အင်္ဂလိပ် အရေးပိုင် ရောက်လာတယ်။ ဒီအရေးပိုင်ကို ကျားအရေးပိုင်လို့ ခေါ်ကြတယ်။ ကျွန်တော်က တောင်သာမြို့ကို မြို့အုပ်အဖြစ်နဲ့ ပြောင်းရတယ်။

တောင်သာရောက်ပြီး ၂ လ ၃ လလောက်ကြာတော့ တောင်သာမြို့မှာ ကာလဝမ်းရောဂါဖြစ်တယ်။ ရောဂါတွေဖြစ်တယ်ဆိုရင်ပဲ ကျားအရေးပိုင်က တောင်သာဗိုလ်တဲမှာ လာနေပြီး ဝမ်းရောဂါပပျောက်အောင်၊ မပြန့်ပွားအောင် ဆရာဝန်တွေခေါ်တယ်။ ဆေးတွေ ထိုးခိုင်းတယ်။

ကျွန်တော့်ကိုတော့ ကာလဝမ်းဖြစ်နေကြတဲ့ ရောဂါသည်တွေကို တစ်ယောက်မကျန် သွားကြည့်ပြီး ဘယ်သူက ဝမ်းဘယ်နှခါသွားတယ်၊ ဘယ်သူက အော့အန်နေတယ်ဆိုတာ အသေးစိတ်လှည့်လည်စုံစမ်းခိုင်းတယ်။ ကျွန်တော်ကလည်း မြင်းကလေးတစ်ကောင်ငှားပြီး မနက်မိုးလင်းတာနဲ့ ရောဂါဖြစ်နေတဲ့ အိမ်ပေါက်စေ့ လိုက်စစ်တယ်။ ပြီးတော့ ဗိုလ်တဲကို သတင်းပြန်ပို့ရတယ်။ သတင်းပို့တဲ့အခါ လူတစ်ယောက်စီရဲ့အခြေအနေကို ပြောပြရတယ်။ ဒီအခါမျိုးမှာ ကျားအရေးပိုင်ကြီးဟာ မျက်နှာထားကြီးနဲ့ ပြုံးလား ရယ်လားမျိုးတောင်မရှိဘူး။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ သဘောကျပုံရပါတယ်။

တောင်သာမှာ ကျွန်တော့်အထက်က မြို့ပိုင်ကြီးတစ်ယောက်ရှိပါသေးတယ်၊ "ဦးစံဒွန်း" တဲ့ ဘီအေအောင်ပြီးသားပါ။ တောင်သာဈေးကလည်း ဒီအချိန်က အင်မတန်ညစ်ပတ်တယ်။ ဈေးထဲ ငါးပိ

m g y o e . c o m

mgyoe.com

SAMPLE BOOK


တွေလျှောက်ထားလို့ အပုပ်နံ့တွေ တစ်ဈေးလုံး လှိုင်နေတာပေါ့။ အလင်းရောင်လည်း မရှိဘူး၊ မှောင်နေတာပဲ။ ဒီတော့ မြို့ပိုင်ကြီး ဦးစံဒွန်းက အလင်းရောင်ကလေးရပြီး အနံ့အသက်တွေ ထွက်ကုန်အောင်ဆိုတဲ့ သဘောနဲ့ အမိုးကသွပ်တွေကို သူ့လူတွေနဲ့ ခွာချတယ်။

သွပ်တွေခွာချတော့ ဈေးသူဈေးသားတွေက မကျေမနပ် ဖြစ်ပြီး ကျားအရေးပိုင်ဆီ သွားတိုင်ကြတယ်။

ဒီလိုတိုင်ကြတော့ ကျားအရေးပိုင်ကြီးက "ဝမ်းရောဂါ မပြန့်ပွားအောင် ဈေးကြီးကို သန့်ရှင်းအောင်လုပ်ဖို့ မြို့ပိုင်ဦးစံဒွန်းကို ကျုပ်အမိန့်ပေးထားတယ်" လို့ ပြန်ပြောတယ်။

ဒီတော့ "ကြက်တူရွေးက တော်တော်၊ မယ်ဘော်ကကဲ" ဆိုသလို အရေးပိုင်ခိုင်းတာက နည်းနည်း၊ မြို့ပိုင်က ဈေးကြီးကို သူ့သဘောနဲ့သူ ကြည့်မကောင်း ရှုမကောင်းအောင် လုပ်ပစ်တယ် ဆိုပြီး ဈေးသူဈေးသားတွေက ဦးစံဒွန်းကို အထင်အမြင်လွဲကြတယ်။

နောက်တစ်နေ့မှာ ကျားအရေးပိုင်က ဦးစံဒွန်းကိုခေါ်ပြီး "မင်း တယ်ကြမ်းပါကလား" လို့ ဈေးခေါင်မိုးက သွပ်ခွာတာကို ရည်ရွယ်ပြီး ကြိမ်းတော့ သူကလည်း ခိုင်းသေးရဲ့၊ လူကိုလည်း ကြိမ်းသေးရဲ့၊ ဒီအကောင်ကြီးနဲ့ လုပ်လို့မဖြစ်ပါဘူးဆိုပြီး ထွက်စာ ရေးပါလေရော။ ကျွန်တော်က သူ့ထွက်စာကိုယူပြီး ဆွဲဆုတ်ပစ်ရတယ်။ ဒါပေမဲ့ မကြာဘူး၊ ဦးစံဒွန်း နယ်ပိုင်ဝန်ထောက် ဖြစ်သွားတယ်။

ဒီလိုဆိုတော့ စစ်ဗိုလ်အရေးပိုင်လက်အောက်မှာ အမှုထမ်းရတာဟာ အိုင်စီအက်စ် အရေးပိုင်လက်အောက်မှာ အမှုထမ်းရတာထက် ကောင်းသလိုလို စဉ်းစားမိတယ်။ ဟောဟောဒိုင်းဒိုင်းရှိတာကိုး။

mgyoe.com

m g y o e . c o m

SAMPLE BOOK


အဲဒီတုန်းက ကိုလိုနီအုပ်ချုပ်ရေးဆိုတဲ့ ကျွန်နိုင်ငံတွေကို ဘယ်လို အုပ်ချုပ်ရမယ်ဆိုတာ ဘိလပ်မှာ ကောင်းကောင်းကြီး သင်ကြားခဲ့တဲ့ အိုင်စီအက်စ်တွေဟာ သူတို့ကိုယ်သူတို့ အုပ်ချုပ်တဲ့ လူတန်းစားတွေ၊ တိုင်းပြည်မှာ ထိပ်ဆုံးတန်းကလူစားတွေလို့ ထင်ကြတဲ့အတိုင်း လက်အောက်ခံ အမှုထမ်းတွေကိုရော ပြည်သူတွေကိုပါ အထက်ကစီးကြည့်ပြီး အောက်လူတွေက သူတို့အလိုကျ အမြဲလုပ်နေရမယ်၊ သူတို့သာ အုပ်ချုပ်ရေးကို ကျွမ်းကျင်သူတွေလို့ စွဲမှတ်ထားကြတယ်။

ဒါ့ကြောင့် လက်အောက်ငယ်သားတွေက သူတို့ကို ရိုရိုသေသေ လေးလေးမြတ်မြတ်နဲ့ အရှင်သခင်လို သဘောထားရမယ်ဆိုတဲ့မှုနဲ့ စခန်းသွားကြတယ်။ ဟန်ရေးဝါရေးလည်း များတယ်။ အောက်လူတွေ အပေါ် အပြစ်ရှာလေ့ရှိတယ်။

စစ်ဗိုလ်ဟောင်းအရာရှိတွေကတော့ တပ်ထဲကရလာတဲ့ အလေ့ အကျင့်အတိုင်း လုပ်ဆိုရင်လုပ်မယ်၊ တုံးတိုက်တိုက် ကျားကိုက်ကိုက် တာဝန်ကျရာကို ဖြစ်အောင်လုပ်မယ်။ ပွင့်လင်းတယ်၊ ခံဆိုခံပြောလို့ လည်း ကောင်းတယ်။ သူတို့မှားနေမှန်းသိရင်လည်း ပြင်တယ်။ တစ်ဖက်သားကို ချောက်ချဖို့ တယ်စိတ်မကူးကြဘူး။ ချီးမြှောက်စရာ ရှိရင်လည်း စည်းတွေကမ်းတွေ သိပ်မကြည့်ဘူး၊ လုပ်လိုက်တာပဲ။ ကြမ်းတဲ့စရိုက်ကလာလို့ ကြမ်းတာတစ်ခုတော့ရှိတယ်လို့ ကျွန်တော် တွေးမိမြင်မိတယ်။

ကာလဝမ်းရောဂါက မပျောက်သေးတော့ ကျားအရေးပိုင် ကြီးကလည်း မြင်းခြံကို မပြန်သေးဘဲ တောင်သာဗိုလ်တဲမှာပဲ နေတယ်။ ဆရာဝန်တွေနဲ့ ဆေးတွေဖိထိုးခိုင်းနေတာပဲ။

m g y o e . c o m

mgyoe.com SAMPLE BOOK

ဒီအချိန်က လူတွေဟာ ဆေးထိုးရမှာ သိပ်ကြောက်ကြတယ်။ အထိုးမခံချင်ကြဘူး။ ပုန်းကြ ရှောင်ကြတယ်။ ဝမ်းရောဂါ ကာကွယ်ဆေးကို အယုံအကြည်မရှိကြဘူး။ ဆေးထိုးတဲ့အခါ ကျွန်တော်ပါ လိုက်ပြီးဟောရပြောရတယ်။ ဆေးအထိုးခံဖို့ တောင်းပန်ရတယ်။ တချို့နေရာတွေမှာတော့ အမိန့်နဲ့ အတင်းခိုင်းရတယ်။

အဲဒီတုန်းက အဖြစ်အပျက်ကလေးတစ်ခု မှတ်မိပါသေးတယ်။ တောင်သာမြို့သူကြီးဆိုတာ အင်မတန်တန်ခိုးကြီးတဲ့လူပေါ့။ အသက် ၇၀ လောက် ရှိမယ်ထင်တယ်။ နာမည်က ဦးစံမြင့်တဲ့။ ရှေးကတည်းက အမှုထမ်းခဲ့တယ်လို့ ထင်တာပဲ။ တောင်သာမြို့သူ မြို့သားတွေက အများအားဖြင့် သူ့ကို ဘုရားထူးကြတယ်။ ရိုသေကိုင်းရှိုင်းကြတယ်။ ပုဆိုးတောင်ရှည်နဲ့ ခေါင်းပေါင်းကြီးကိုတော့ ဘယ်တော့မှမချွတ်ဘူး။ တောင်သာမြို့နဲ့ ၅ မိုင်အတွင်းက ရွာသူကြီးတွေက သူတို့ရတဲ့ သသမေဓ မြေခွန်တော် ၁၀ ရာခိုင်နှုန်း အကောက်ထဲက သူ့ကို ထက်ဝက်ဆက်သရတယ်။ ဒီလိုသူကြီးကို မြို့သူကြီးလို့ ခေါ်ကြတယ်။

ဝမ်းရောဂါကာကွယ်ဆေးတွေ ထိုးတော့ ဆရာဝန်ကို ကူညီဖို့ ကျွန်တော်နဲ့ အဲဒီတောင်သာမြို့သူကြီး ဦးစံမြင့်လည်း လိုက်ကြရတယ်။ တစ်နေ့တော့ ဘူတာအရှေ့ဘက်က တဲအိမ်တွေမှာ ရှိသမျှ လူကုန် ဆေးထိုးပေးဖို့ ရောက်သွားကြတယ်။ တချို့က ထွက်ပြေးကြတယ်။ တစ်အိမ်တက်ဆင်း လိုက်ထိုးတုန်း အိမ်တစ်အိမ်မှာ ကလေးငယ်ကလေး ချီထားတဲ့ အသက်အစိတ်လောက်ရှိတဲ့ လုံးကြီးပေါက်လှ မိန်းမတစ်ယောက်ကို တွေ့တယ်။ ဒီမိန်းမကလည်း ဆေးထိုးခံရမှာ အင်မတန်ကြောက်နေတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒီတင် မြို့သူကြီးဦးစံမြင့်က ပုဆိုးကြီး တလွှားလွှားနဲ့ ကျွန်တော့်အနားကပ်ပြီး "ဟံမာရာချွတ်ကရီးကို မထိုးပါနဲ့" လို့ တိုးတိုးပြောတယ်။

မြို့သူကြီးဦးစံမြင့်က ကုလားလို ပြောလိုက်တာကို ကျွန်တော်က ပထမတော့ သဘောမပေါက်မိဘူး။ နောက်မှ သူ့မယားငယ်မှန်း သဘောပေါက်တာနဲ့ ဆရာဝန်ကိုပြောပြီး ဆေးမထိုးဘဲ ပြန်လွှတ်လိုက်ပါတယ်။

ဒီတော့မှ ဟံမာရာချွတ်ကရီးရဲ့ မြို့သူကြီးဟာ ပုဆိုးကြီး တမမနဲ့ ရွှင်ရွှင်ပျပျ အိမ်ကို ပြန်သွားပါတယ်။

ဦးစံမြင့်ဟာ ဩဇာကြီးတဲ့ မြို့သူကြီးဖြစ်တော့ သူ့လက်အောက် ရွာတွေမှာ ဟံမာရာချွတ်ကရီးတွေ မနည်းဘူးရှိလိမ့်မယ်လို့ စဉ်းစားမိတယ်။ သဘောအလွန်ကောင်းတဲ့ မြို့သူကြီးဟာ ဟံမာရာချွတ်ကရီးတွေရှိပေမဲ့ မြို့သူမြို့သားတွေနဲ့ တောရွာက ဆင်းရဲသားတွေကိုတော့ မတရားမလုပ်ဘူး။ မိဘသဖွယ် အုပ်ချုပ်တယ်၊ သူ့ကို ကျွန်တော်ကလည်း ရိုသေပါတယ်။

ဆေးတွေဖိထိုးတာ၊ သန့်ရှင်းရေး၊ ကာကွယ်ရေး အစီအစဉ်များကို လိုက်စေတာနဲ့ တစ်လအတွင်းမှာပဲ ကာလဝမ်းရောဂါဟာ ပပျောက်သွားပါတယ်။ ဒါပေမဲ့ ကျားအရေးပိုင်ကြီးကတော့ သူရုံးစိုက်တဲ့ မြင်းခြံမြို့ကို မပြန်သေးဘူး။

အဲဒီအချိန်တုန်းက တောင်သာမြို့နယ်၊ မြင်းခြံမြို့နယ်၊ နွားထိုးကြီးမြို့နယ်တွေမှာ လူဆိုးတွေ ထကြွပြီး ဓားပြအကြီးအကျယ်တိုက်နေကြတယ်။ လုပ်သေနတ်တွေနဲ့ ဟိုရွာတိုက်လိုက် ဒီရွာတိုက်

mgyoe.com

mgyoe.com  SAMPLE BOOK 

လိုက်နဲ့ ၂ ရက်ခြား ၃ ရက်ခြားဆိုသလို ဓားပြမှုတွေ ဖြစ်နေတယ်။ ပုလိပ်အဖွဲ့ကလည်း ကြိုးစားပြီးလိုက်ကြပါရဲ့၊ ဒါပေမဲ့ ဒီဘက်က နှိမ်လိုက် ဟိုဘက်ကထလိုက်နဲ့ မနိုင်မနင်းဖြစ်နေတာပဲ။

ဒီလိုဖြစ်နေတော့ ကျားအရေးပိုင်ကြီးက တောင်သာမြို့နယ်က ရွာတွေကို မြင်းတစ်စီးနဲ့ လှည့်လည်တော့တာပဲ။ သူ့မှာ မြင်းခြံက မြင်း ၂ ကောင်ပါလာတယ်။ ဆိုက်ကုလားမြင်းထိန်းလည်း ပါတယ်။ မနက်တိုင်း မိုင် ၃၀ လောက် ခရီးပေါက်အောင်သွားတာပဲ။ မြင်းစီးပြီး နယ်လှည့်တဲ့အခါ သူ့နောက်က နယ်ပိုင်ဝန်ထောက်၊ မြို့ပိုင်၊ ဒုတိယမြို့ပိုင်နဲ့ သူသွားမဲ့ရွာတွေက သူကြီးတွေပါ လိုက်ရတယ်။ ဒီလူတွေက ရရာမြင်းငှားပြီး သူ့နောက်က တစ်တန်းကြီး တဝုန်းဝုန်းနဲ့ လိုက်ကြရတာကိုး။ ပျော်စရာလည်းကောင်းပါရဲ့၊ ရယ်စရာလည်း ကောင်းပါရဲ့။

ကျားအရေးပိုင်ကြီးက အဲဒီလို မနက်တိုင်း နယ်လှည့်ထွက်နေတော့ နယ်ပိုင်ဝန်ထောက် ဦးစံဒွန်းလည်း ကျွန်တော့်အိမ်မှာ တည်းခိုပြီး သူလည်း မနက်တိုင်း မြင်းတစ်ကောင်နဲ့ လိုက်နေရတာပေါ့။ ကျွန်တော်လည်း တောသူကြီးတစ်ယောက်ရဲ့ မြင်းပုကလေးတစ်ကောင်ငှားပြီး (မနက်မိုးလင်းတာနဲ့ ဗိုလ်တဲကို) ရောက်ရတော့တာပဲ။ အရေးပိုင်တောတက်တဲ့မနက်တိုင်း သူကြီး ၂၀ လောက်က မြင်းကိုယ်စီနဲ့ နောက်တော်က ပါစမြဲပဲ။

ဆိုက်ကုလားက မြင်းကုန်းနှီးကို အသင့်ပြင်ထားပြီး ဗိုလ်တဲပေါ်က ကျားအရေးပိုင်ကြီး ဆင်းလာတော့ နယ်ပိုင်ဝန်ထောက် ဦးစံဒွန်းက မြင်းဇက်ကြိုးကို ဒူးထောက်ပြီး အရေးပိုင်လက်ထဲ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကမ်းပေးရတယ်။ ရှိလည်းခိုးလိုက်ရသေးတယ်။ ဒီအချိန်မှာ ကျွန်တော်၊ ကျွန်တော့်နောက်က ဒုတိယမြို့ပိုင်၊ သူ့နောက်က သူကြီးတွေအားလုံး စီတန်းပြီး ဒူးထောက်အရိုအသေ ပြုကြရတယ်။

ရှေးက ရှင်ဘုရင်များ ထွက်တော်မူလာတဲ့အခါ ဝန်ကြီးတွေ မှူးမတ်တွေ မြေမှာ ပြားပြားဝပ်ပြီး နေရသလိုပါပဲ။

ကျားအရေးပိုင်ကြီး မြင်းပေါ်ရောက်လို့ ဒုန်းစိုင်းထွက်သွားမှ ကျွန်တော်တို့လည်း ကိုယ့်မြင်းပေါ်ကိုယ်တက်ပြီး သူ့နောက်က တဝုန်းဝုန်းနဲ့ လိုက်ကြရတာကလား။

အဲဒီနေ့ ခရီးစဉ်ကတော့ ဆင်တဲဝချောင်းကြီးဘေးက ရွာတွေပဲ။ ချောင်းကြီးက ရေခန်းပြီး ခြောက်သွေ့နေတယ်။ ကျားအရေးပိုင်ကြီး ဟာ သူ့မြင်းကလည်းကောင်းတော့ ဒုန်းစိုင်းလိုက် သုံးချောင်းထောက် မောင်းလိုက်နဲ့ ရှေ့က စီးချသွားတယ်။ ကျွန်တော်တို့ကလည်း မြင်းပိန် ကလေးတွေနဲ့ သူ့ကို မမီ မီအောင် နောက်က လိုက်ကြရတယ်။

ရောက်တဲ့ရွာတိုင်းကလည်း သူကြီးက ကြိုတင်စီစဉ်ထားခဲ့လို့ အတီးအမှုတ် အကအခုန်တွေနဲ့ ကြိုဆိုကြတယ်။

ရွာကိုဝင်မိရင် ကျားအရေးပိုင်ကြီးက “ဒီရွာ ဘယ်နှခါ ဓားပြတိုက်ခံရသလဲ၊ ရွာထဲက ဓားပြတိုက်တတ်တဲ့သူတွေဟာ ဘယ်သူ တွေလဲ” လို့ မေးတယ်။

သူကြီးက ဘယ်သူတွေ ဓားပြတိုက်ခံရပါတယ်၊ မခံရရင် လည်း မခံရပါဆိုတဲ့အကြောင်း ဒူးထောက်ပြီး အစီရင်ခံရတယ်။

ဒီလို အစီရင်ခံနေတုန်း ကျားအရေးပိုင်ကြီးက သူ့ဘောင်းဘီ အိတ်ထဲက မှတ်စုစာရွက်ကလေး ထုတ်ကြည့်ပြီး သူကြီးက “တစ်ခါမှ

mgyoe.com

mgyoe.com
SAMPLE BOOK


ဓားပြအတိုက်မခံရဘူးပါ” လို့ ပြောရင် ဘယ်နှစ်တုန်းက ခံရတယ် မဟုတ်လားလို့ ပြောပြီး ဆူပါလေရော။ လူဆိုး နာမည်တွေအားလုံးကို အတိအကျ မပြောနိုင်ရင်လည်း ဒေါသတကြီးနဲ့ အပြစ်တင်တော့တာပဲ။ မေးသမျှ မှန်မှန်ဖြေနိုင်ရင်တော့ သူကြီးကို ချီးမွမ်းပြီး သူ့ကို ရွာက ခုလိုကြိုဆိုကြတာ ကျေးဇူးတင်ကြောင်းပြောတယ်။ ဒိနောက် ရှေ့ရွာကို ဆက်ပြီးသွားတယ်။

တစ်မနက်စာ အစီအစဉ်ရှိတဲ့ ရွာတွေသွားလို့ကုန်တော့ တောင်သာဗိုလ်တဲအထိ သူ့ကို ပြန်ပို့ရပြီး ကျွန်တော်တို့ လူစုခွဲကြရရော။

တောင်သာမှာနေတုန်းက ရုံးပြာတာဦးဘိုးထွန်းရယ်လို့ ရှိတယ်။ သူက ကျွန်တော့်အရင်နေသွားတဲ့ ရှေးမြို့အုပ်ဟောင်းကြီးတွေ လက်ထက်ကို ကောင်းကောင်းမီတဲ့လူပါ။

ရှေးမြို့အုပ်ဟောင်းကြီးတွေဆိုတာ ဗမာပြည်ကို အင်္ဂလိပ်တွေ သိမ်းပြီးတဲ့အခါမှာ သူတို့ကိုထောက်ခံတဲ့ နာမည်ကြီးပုဂ္ဂိုလ်တွေကို အင်္ဂလိပ်အစိုးရက မြို့အုပ်ဆိုပြီး ခန့်လွှတ်တဲ့ မြို့အုပ်တွေပဲ။

တစ်နေ့မှာ စကားစပ်မိလို့ ဦးဘိုးထွန်းက ရှေးမြို့အုပ်ကြီး တစ်ဦးအကြောင်း ကျွန်တော့်ကို ပြောပြတယ်။

အဲဒီမြို့အုပ်ကြီးဟာ တောရွာတွေကို နယ်လှည့်သွားရင် စီးဖို့ ဗီရိုလှည်းအိမ်နဲ့ လှည်းတစ်စီး အကျအန လုပ်ထားတယ်။ နွား ၂ ကောင်ကလည်း ဝဝဖြိုးဖြိုးနဲ့ လက်သပ်မွေးထားတာတွေ။ လှည်း မောင်းဖို့လည်း အဘိုးကြီးတစ်ယောက် သတ်သတ်ခန့်ထားတယ်တဲ့။

လကောင်းကောင်းသာတဲ့ ညတွေမှာဆိုရင် မြို့အုပ်ကြီးက ကျေးရွာတွေမှာ ဆူးစည်းဆူးကာတွေ ခြံစည်းရိုးတွေ ကျကျနနရှိမရှိ

mgyoe.com

mgyoe.com

SAMPLE BOOK


ဗီရိုလှည်းကြီးစီးပြီး တစ်ရွာပြီးတစ်ရွာ လှည့်လည်စစ်ဆေးလေ့ရှိတယ်။ ဗီရိုလှည်းကြီးနောက်က တောလိုက်စာရေးနဲ့ ပြာတာဦးဘိုးထွန်းက တခြားလှည်းတစ်စီးနဲ့ လိုက်ရတယ်။

တစ်ညတော့ လကလည်းသာတုန်း မြို့အုပ်ကြီးဟာ ဗီရိုလှည်းကြီးနဲ့ ရွာစစ်ထွက်တယ်။ တောင်သာမြို့ပြင်ရောက်တော့ ကြိုတင်စီစဉ်ထားတဲ့အတိုင်း ကြော့နေအောင် ဖီးလိမ်းပြင်ဆင်ထားတဲ့ အဆိုကောင်း မင်းသမီး လုံးကြီးပေါက်လှတစ်ဦး လှည်းကိုရပ်ပြီး တက်စီးတယ်။

ဗီရိုလှည်းထဲမှာ ပင်ကျထန်းရည်အိုးကလေးလည်းပါတယ်။ ကြက်သားကြော်နဲ့ ကြက်ဥမကျက်တကျက်တွေလည်း ပါတယ်။ ဘာမှ မသိရှာတဲ့ အိမ်က မင်းကတော်ကြီးက လမ်းမှာစားဖို့ ထည့်ပေးလိုက်တာတွေပေါ့။

မင်းသမီးကြီး လှည်းပေါ်ရောက်ပြီး မကြာပါဘူး၊ လှည်းထဲက စည်းကလေးနဲ့ သီချင်းဆိုသံ ကြားရတာပဲ။ ဗီရိုလှည်းဆိုတာက အထဲမှာ မျက်နှာချင်းဆိုင် ထိုင်စရာခုံတန်း ၂ ခုရှိတယ်။ တစ်ခုမှာ မင်းသမီးကြီးကထိုင်ပြီး စည်းကလေးနဲ့ သီချင်းဆိုလို့။ မျက်နှာချင်းဆိုင် ခုံမှာတော့ မြို့အုပ်ကြီးက ပင်ကျရည်ကလေး တမြမြနဲ့ အမြည်းကလေးစားလို့ စည်းစိမ်ရှိရှိ ခရီးသွားနေတာပေါ့။ လှည်းမောင်းတဲ့လူက ဗီရိုအပြင်က ထိုင်မောင်းရတော့ အထဲမှာ ဘာလုပ်နေတယ်၊ ဘာဖြစ်နေတယ်ဆိုတာကို မသိနိုင်ဘူး။ ဒါပေမဲ့ ဆိုနေတဲ့ သီချင်းသံကိုတော့ ကောင်းကောင်းကြီး ကြားရတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


လှည်းကိုမောင်းသွားရင်း တော်တော်ကလေး ညဥ့်နက်လာတော့ ဗီရိုထဲက အသံလည်းတိတ်သွားတာနဲ့ လှည်းသမားအဘိုးကြီးက သူ့ကျောနောက်မှာ ကာထားတဲ့ လေဝင်ပေါက်ကလေးကို ဖွင့်ပြီး အထဲကို အသာချောင်းကြည့်တယ်။ ကြည့်လို့ကောင်းနေတော့ နွား ၂ ကောင်ရဲ့ကြိုးကို ထိန်းဖို့ သတိမရဘူး။ အဲဒီအခိုက် နွား ၂ ကောင်က ဗီရိုလှည်းကို လမ်းဘေးချောက်ထဲ ဆွဲချသွားပါလေရော။

ဒီတင် ဗီရိုလှည်းကြီးဟာ နွား ၂ ကောင်ဆွဲရာ လမ်းအောက်ချောက်ထဲကို ဇောက်ထိုးဆင်းသွားရာက သစ်ငုတ်ကြီးနဲ့ ဆောင့်မိတာနဲ့ သစ်ငုတ်ကြီးပေါ် တစောင်းကြီးတင်ပြီး ရပ်သွားတယ်။ ဗီရိုလှည်းထဲကလည်း အသံဗလံတွေ ထွက်လာပြီး ဆူဆူညံညံတွေဖြစ်ကုန်တာပေါ့။

နောက်ကလိုက်လာတဲ့ တောလိုက်စာရေးနဲ့ ပြာတာဦးဘိုးထွန်းက ဒီအဖြစ်ကိုမြင်တော့ သူတို့လှည်းကိုရပ်ကာ ဗီရိုလှည်းဆီ အပြေးအလွှား သွားကြပြီး မြို့အုပ်ကြီးထွက်နိုင်အောင် တံခါးကို ဖွင့်ပေးကြရတယ်။

ဒီအချိန်မှာ မြင်ရတာက စောင်းနေတဲ့လှည်းထဲမှာ မြို့အုပ်ကြီးဟာ ပုဆိုးမရှိတော့ဘဲ တုံးလုံးကြီးလဲနေပြီး မင်းသမီးကြီးကလည်း ဘီးဆံပတ်တွေ ကိုးရိုးကားရားနဲ့ မြို့အုပ်ကြီးအပေါ် ရောက်နေသတဲ့။ မြို့အုပ်ကြီးကို ခက်ခက်ခဲခဲ ဆွဲထုတ်ယူကြရတယ်။

ပြီးတော့မှ ဗီရိုလှည်းကြီးကို လမ်းပေါ်မောင်းတင်ပြီး ခရီးဆက်ထွက်ကြရပြန်တယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

မြို့အုပ်ကြီးက လှည်းသမားအဘိုးကြီးကို "ခင်ဗျားကြောင့် ဒီလိုဖြစ်ရတာ" လို့ပြောပြီး ကြိမ်းတော့ လှည်းဆရာကြီးက "ပထမ ကိုယ်တော်တို့ဆီက သီချင်းကလေး ဘာကလေးဆိုနေတာ ကြားနေရ တယ်။ ငြိမ်သွားတော့ နေမကောင်းများဖြစ်လို့များလားလို့ထင်ပြီး လှည့်ကြည့်မိတာနဲ့ ဒီလိုဖြစ်သွားရတာပါဘုရား" လို့ အပြောကောင်း အကြောင်းပြကောင်းတာနဲ့ပဲ အလုပ်မပြုတ်တာတဲ့။

ဗိရိလှည်းကြီး လမ်းပေါ်ရောက်လို့ ဆက်ပြီးမောင်းသွားတော့ မြို့အုပ်ကြီးလာမဲ့အကြောင်း ကြိုပြီး ချောစာပို့ထားတာမို့ ရောက်တဲ့ ရွာက သူကြီးတွေဟာ ရွာသူရွာသားတွေနဲ့ မီးတုတ်ကြီးတွေထွန်းပြီး ရွာပြင် ထွက်ကြိုနေကြရတယ်။

ဒီအခါ မြို့အုပ်ကြီးက ရွာစည်းရိုးကာထားပုံကို လှည်းပေါ် ကပဲနေပြီး ကြည့်တယ်။ တောလိုက်စာရေးနဲ့ ပြာတာဦးဘိုးထွန်းကသာ အနည်းအကျဉ်း လှည့်ပတ်ကြည့်ပြီး ဆူးကာနေရာမကျရင် မကျတဲ့ အကြောင်း၊ ကျရင် ကျတဲ့အကြောင်း မြို့အုပ်ကြီးကို အစီရင်ခံရတယ်။ ဒီလိုပြောတဲ့အခါ ဆူးကာနေရာမကျဘူးလို့ အပြောခံရတဲ့ ရွာကသူကြီး ကို "မနက်ဖြန် လာထုချေလှည့်" လို့ မြို့အုပ်ကြီးက မှာသွားတာပဲ။

ညက ခရီးထွက်လာတဲ့ မြို့အုပ်ကြီးရဲ့ ဗိရိလှည်းကြီးဟာ မနက်ဝေလီဝေလင်းလောက် တောင်သာမြို့ ပြန်ရောက်တော့ သူ့အချစ် တော်မင်းသမီးကြီးကို တစ်နေရာမှာ ချပေးခဲ့ပြီးမှ အိမ်ကို တန်းတန်း မတ်မတ် ဝင်တယ်။

အဲဒီညက ရွာစည်းရိုးဆူးကာထားတာ မကောင်းဘူး၊ လာပြီး ထုချေလှည့်လို့ အမိန့်ပေးခံရတဲ့ သူကြီးတွေဟာ ဒဏ်ရိုက်လွတ်အောင်

mgyoe.com

mgyoe.com
SAMPLE BOOK


ဆိုပြီး ရှာသားတွေဆီက ပိုက်ဆံစုကာ အထုပ်ကလေးတွေနဲ့ နောက်တစ်နေ့ ရုံးမတက်ခင် မြို့အုပ်ကြီးအိမ် ရောက်လာကြတော့တာပဲ။

မြို့အုပ်ကြီးအိမ်ရောက်လို့ အိမ်ရှေ့ဆောင်မှာထားတဲ့ တောင်းကြီးထဲကို အထုပ်ကလေးတွေ ထည့်လိုက်တော့ မြို့အုပ်ကြီးက "အေး... အေး... ဆုးတပ်ကို ကောင်းအောင်လုပ်" လို့ ပြောပြီး သူကြီးတွေကို ပြန်လွှတ်လိုက်တယ်။ ထည့်သွားတာတွေကတော့ ဝေလခေါင်း၊ ဝိတိုရိယဘုရင်မခေါင်း ငွေဒင်္ဂါးတွေပဲ။

ပြာတာဦးဘိုးထွန်းက "မြို့အုပ်ကြီးဟာ အဲဒီပိုက်ဆံတွေနဲ့ ကုသိုလ်ကောင်းမှုတွေ လုပ်သွားတယ်" လို့ ပြောပါတယ်။

တောင်သာမှာ နွေအခါဆိုရင် ရေရှားတယ်။ ဒါကြောင့် မြို့အုပ်ကြီးက ရေကန်ကြီးတူးတယ်။ ရေကန်ထိပ်မှာ စေတီတစ်ဆူ တည်တယ်။ တန်ဆောင်းကြီးလည်း ဆောက်သွားတယ်။ မြို့အုပ်ကြီးက အဲ့ဒီငွေမျိုးနဲ့ မ တည်ပြီး အရပ်ကပါ ဝိုင်းကူကြတယ်လို့ ဆိုပါတယ်။

မြို့အုပ်ကြီးနဲ့ မင်းသမီးကြီးရဲ့ နာမည်တွေကို မသိချင်ကြပါနဲ့တော့။

■

mgyoe.com

mgyoe.com SAMPLE BOOK

( ၃ )

# မြင်းခြံမြို့အုပ်

၁၉၂၅ ခုနှစ်မှာ ကျွန်တော် မြင်းခြံမြို့ကို မြို့အုပ်အဖြစ်နဲ့ ပြောင်းရပါတယ်။ အရေးပိုင်ကတော့ ကျားအရေးပိုင်ကြီးပဲ။

မြင်းခြံမြို့အုပ် ဦးဘကျော်ဆီက အလုပ်လွှဲယူရပါတယ်။ ရှေးမြို့အုပ်ဟောင်းကြီးပါ။ သျှောင်နဲ့ခေါင်းပေါင်း တောင်ရှည်ပုဆိုးနဲ့ ရုံးတက်ပါတယ်။ အသက်လည်းကြီးပါပြီ။

အလုပ်လွှဲတော့ ဦးဘကျော်က "မောင်စံတင်၊ မင်းက နွားသိုးကလေးပဲ၊ ဦးကတော့ နွားအို ပေါင်ကျိုးကြီးမို့ မှာခဲ့မယ်၊ ခိုင်းတာများကို ဗြူရိုကရက်အရေးပိုင်များသဘောကျ ကြည့်သာ လုပ်ပေတော့" တဲ့။

အလုပ်လွှဲပြောင်းပြီးတဲ့အကြောင်း အရေးပိုင်အခန်းထဲဝင်ကာ ကျွန်တော်က ဒူးထောက်ရှိခိုးပြီး အစီရင်ခံတော့ အရေးပိုင်က "မြို့ပိုင်၊

mgyoe.com

mgyoe.com

SAMPLE BOOK


မြို့အုပ်ဆိုတာ အုပ်ချုပ်ရတဲ့ မြို့နယ်အတွင်းမှာ နယ်သူနယ်သားရဲ့ ကျန်းမာရေးနဲ့ လုံခြုံရေးသာမက ကျွဲ၊ နွား တိရစ္ဆာန်တွေရဲ့ ကျန်းမာရေးအတွက်ပါ အကုန်တာဝန်ရှိတယ်။ ခုလည်း အနယ်နယ်မှာ ဓားပြမှုတွေ များလွန်းနေတယ်၊ ဓားပြတိုက်လွန်းတယ်၊ ပုလိပ်အလုပ်လည်း မင်းနဲ့ဆိုင်တယ်။ ဓားပြတိုက်နေတာတွေကို ပုလိပ်အရာရှိတွေနဲ့ ပူးပေါင်းပြီးနှိမ်ပါ" လို့ အမိန့်ပေးပါတယ်။

ကျားအရေးပိုင်က ဒီလိုအမိန့်ပေးတော့ ကျွန်တော် ခေါင်းကြီးမိတယ်။ ဖြစ်နေပုံက ရာဇဝတ်ဝန်ကြီး (D.S.P) ကလည်း အင်္ဂလိပ်ပဲ။ ဓားပြတွေထလွန်းတော့ ကျားအရေးပိုင်က မျက်နှာဖြူ ရာဇဝတ်ဝန်ကြီးကို အချင်းချင်းလို့ သဘောမထားဘဲ အပြစ်တင်တယ်။ ဒါ့ကြောင့် တစ်ယောက်နဲ့တစ်ယောက် တယ်အစေးမကပ်ကြဘူး။

ဒီအချိန်မှာ အရေးပိုင်လက်အောက်က မြို့အုပ်ဆိုတဲ့လူ ရာဇဝတ်ဝန်ကြီးလက်ထဲမှာ လုံးလုံးကြီးတာဝန်ရှိတဲ့ ပုလိပ်အလုပ်ကို ဝင်လုပ်ရမယ်ဆိုတော့ ကျွန်တော် ခေါင်းမကြီးဘဲ ဘယ်ခံနိုင်ပါ့မလဲ။

ကျားအရေးပိုင်ကြီးရဲ့ အခန်းထဲက ထွက်လာပြီးတဲ့အခါကျတော့ "ငါဟာ ပုလိပ်အရာရှိကြီးတွေဖြစ်တဲ့ ရာဇဝတ်ဝန်ထောက်၊ တိုက်ပိုင်၊ ဌာနာအုပ်တို့နဲ့ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေပဲ၊ ဒီလူတွေကလည်း နယ်ငြိမ်အောင် ကြိုးစားပြီး လုပ်နေကြတာ။ ဒီအထဲမှာ ငါက တစ်မျိုးတစ်ဖုံ ငါ့အထက်လူကြီး အားရအောင် ဝင်လုပ်ရင် လူချင်းကွဲကြတော့မှာပဲ၊ အခြေအနေလည်း ဆိုးသထက် ဆိုးတော့မှာပဲ" လို့ စဉ်းစားမိတယ်။ ဒီကိစ္စကို နည်းပရိယာယ် (Diplomacy) ဒီပလိုမေစီနဲ့လုပ်မှ တော်တော့မယ်လို့ပါ တွက်မိတယ်။

mgyoe.com

mgyoe.com


ဒါနဲ့ ရာဇဝတ်ဝန်ထောက်၊ တိုက်ပိုင်၊ ဌာနာအုပ် စတဲ့ မိတ်ဆွေတွေနဲ့ သွားတွေ့ပြီး "ကျားအရေးပိုင်ကြီးက စားပြတွေ တိုက်နေတာ မင်းမှာလည်း တာဝန်ရှိတယ်လို့ အမိန့်ပေးပါတယ်။ ဒါကြောင့် ကျွန်တော်လည်း ပုလိပ်အဖွဲ့နဲ့တွဲပြီး လုပ်ရပါတော့မယ်။ ဒီလိုပြောရတာ ကျွန်တော့်အပေါ် အထင်မလွဲကြပါနဲ့၊ တိုင်တိုင်ပင်ပင် လုပ်ကြရအောင်လို့ ပြောတာဖြစ်ပါတယ်" လို့ ရှင်းပြရပါတယ်။

ဒီတော့ ပုလိပ်အရာရှိတွေက ကျေကျေနပ်နပ်ပဲ "ဘယ်လို လုပ်ချင်သလဲ၊ ဘယ်လိုလုပ်ရမလဲ" လို့ မေးကြတယ်။

ကျွန်တော်က "စဉ်းစားကြတာပေါ့" လို့ပြောပြီး ဘယ်လို လုပ်ရမယ်ဆိုတာ ၄ – ၅ ရက် အဖြေမထွက်ပါဘူး။ ဒီ ၄ – ၅ ရက် မှာ ညည အိပ်လို့ကိုမပျော်ဘူး။

နောက်တော့ စက္ကူပေါ် ချရေးကြည့်ရင်းနဲ့ အဖြေရလာပါ တယ်။ ဒါနဲ့ ပုလိပ်အရာရှိကြီးတွေကို ကျွန်တော့်အစီအစဉ်တွေ ပြော ပြတော့ သူတို့ကလည်း သဘောကျတာနဲ့ အလုပ်စလုပ်ကြပါတယ်။

အလုပ်စတယ်ဆိုရင်ပဲ မြင်းခြံမြို့နယ်အတွင်းမှာရှိတဲ့ ရွာသူကြီး တွေဆီကို –

(၁) မြင်းခြံမြို့နယ်အတွင်းရှိ သူကြီးမင်းများအားလုံးသည် စားပြမှု၊ ခိုးမှု နာမည်ရှိကြသောလူများနှင့် အလုပ်အကိုင် မရှိသူများ၏ အမည်စာရင်းများလုပ်၍ ပေးပို့ကြရမည်။

(၂) သို့ပို့ရာတွင် မိမိနှင့် မသင့်မြတ်သူများ၊ မိမိသြဇာ မကိုက် သူ၊ နားမထောင်သူများကို အငြိုးနှင့် လူဆိုးစာရင်းတွင် သွင်းပြီး မပြုရ။

mgyoe.com

 mgyoe.com SAMPLE BOOK 

(၃) ထိုစာရင်းကိုလုပ်သောအခါ မိမိ၏ရွာတွင် နေထိုင်ကြသည့် ဘက်မလိုက်ဘဲ အများ၏ အကြည်ညိုခံရသော လူကြီးလူကောင်းများအား မိမိလုပ်ထားသည့် လူဆိုးစာရင်းကိုပြပြီး ထိုပုဂ္ဂိုလ်များ၏ သဘောတူညီချက်ကို ရယူကြရမည်" လို့ အမိန့်ထုတ်လိုက်တယ်။

ဒီလိုအမိန့်ထုတ်ပြီး ရက်ချိန်းပါ ထည့်ရေးလိုက်တော့ ချိန်းတဲ့ရက်အတွင်းမှာပဲ သူကြီးတွေက စာရင်းတွေ လာပို့ကြပါတယ်။

တစ်နယ်လုံးက စာရင်းတွေရတော့ တိုက်ပိုင်နဲ့ ဌာနာအုပ်ကို ခေါ်ပြီး စာရင်းတွေကို စစ်ကြဆေးကြပါတယ်။ စစ်ဆေးပြီးတဲ့အခါကျတော့ ပုလိပ်အရာရှိကြီးတွေနဲ့တိုင်ပင်ပြီး ဘယ်သူတွေကို နယ်နှင်ရမယ်၊ ဘယ်သူတွေကို ၁၀၉၊ ၁၁၀ လုပ်ရမယ်၊ ဘယ်သူတွေကိုတော့ ပုလိပ်သူလျှို သတင်းပေးအဖြစ်ထားရမယ်လို့ ရွေးထုတ်ပါတယ်။

အဲဒီအတိုင်း ရွေးထုတ်လိုက်တော့ နယ်နှင်ဖို့လူဆိုး၊ ၁၀၉ ၁၁၀ အာမခံနဲ့ထားဖို့ လူဆိုး၊ ပုလိပ်သတင်းပေး သူလျှိုအဖြစ်ထားရမဲ့ လူဆိုးလို့ ၃ မျိုး ၃ စား ထွက်လာတာပေါ့။

ဒီအခါ နယ်နှင်ဖို့ လူဆိုးတစ်ဦးစီရဲ့ အတ္ထုပ္ပတ္တိ ကိုယ်ရေးရာဇဝင်ကို ပုလိပ်ကရေးပြီး ကျွန်တော့်ဆီတင်ပါတယ်။ ဒီလိုတင်လာတဲ့အခါ အမှုတွဲကိုဖတ်ပြီး သက်သေတွေဘာတွေ ခေါ်မစစ်တော့ဘဲ တစ်ခါတည်း အမိန့်ချလိုက်ပါတယ်။ ကျွန်တော့်မှာ ဒီလိုအမိန့်ချနိုင်တဲ့ အာဏာကရှိနေပြီကိုး။ (Habitual Offenders Restriction Act) ဥပဒေနဲ့ အရေးယူတာပါ။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော်လုပ်ခဲ့ပုံကို ဥပမာတစ်ခုထုတ်ပြရရင် –

ဆီမီးခုံရွာက လူဆိုးစာရင်းဝင် မောင်မြကို နယ်နှင်ဖို့အတွက် ဘယ်နယ်မှာ ဆွေမျိုးဉာတိတွေရှိသလဲလို့ မေးတယ်။ ပုဂံညောင်ဦးမှာ ဆွေမျိုးရှိတယ်လို့ဆိုရင် ပုဂံညောင်ဦးကို ပို့လိုက်တာပဲ။ တစ်နှစ် လောက်သွားနေဖို့ အမိန့်ချလိုက်တယ်။

တကယ်လို့ ရပ်ဝေးမြေခြားမှာ ဆွေမျိုးဉာတိမရှိပါဘူး၊ ပို့ချင်ရာ ပို့ပါဆိုရင် ဒီလူကို အလုပ်အကိုင်ပေးနိုင်မဲ့ သြဇာရှိတဲ့ ရွာသူကြီး တစ်ဦးဦးဆီ ပို့လိုက်တာပဲ။

အဲဒီလို နယ်နှင်အမိန့်ချတဲ့အခါ အပြင်ကအမိန့်ကို စောင့် နားထောင်နေတဲ့ မယားက "ကျွန်မ ဒီလူမမယ်ကလေးငယ်ကလေး တွေနဲ့ ဘယ်လိုလုပ်နေရမှာတုန်း" လို့ အော်ဟစ်ငိုလိုက်တာကို ကြား ရတဲ့အခါတွေ၊ လူးလိမ့်ပြီးငိုတာတွေ မြင်ရတဲ့အခါတွေမှာ ဝတ္တရားအရ မို့သာ လုပ်လိုက်ရတယ်၊ အင်မတန် စိတ်မချမ်းမသာ ဖြစ်ရပါတယ်။ ဒီလိုအမိန့်ချပြီးတဲ့နေ့ဆိုရင် မြင်ရတွေ့ရတဲ့ သူတို့အဖြစ်ကို သနား တာနဲ့ ညညမှာ အိပ်လို့မပျော်ပါဘူး။ စိတ်အင်မတန် ဆင်းရဲရပါတယ်။ ဒီအချိန်မှာဆိုရင် ဖြူရှိကရက် မင်းစိတ်စိုးစိတ်ကလေးဟာ ကျွန်တော့် ကိုယ်ထဲက လွင့်စင်ပျောက်ပျက်သွားပါတယ်။

ဝိုင်အမ်ဘီအေ စက္ကူရီတောရီ လုပ်ခဲ့ရတဲ့ဘဝနဲ့ ညောင်လေး ပင်မြို့ နေရှင်နယ်ကျောင်းမှာ ၁ နှစ်ကျော်ကျော် ဆရာကြီးလုပ်ခဲ့ရတဲ့ ဝံသာနုစိတ်ကလေးတွေဟာ ခဏသာ ဖြူရှိကရက်မင်းစိတ်ကို တိုက် ထုတ်နိုင်ပါတယ်၊ မကြာခင်မှာဘဲ ဖြူရှိကရက်ဆိုတဲ့ ငါသဘော ငါ လုပ်ချင်ရာလုပ်နိုင်တဲ့ တန်ခိုးပိုရှိတဲ့ အထူးအာဏာရ ထောင် ၇ နှစ်

mgyoe.com

mgyoe.com SAMPLE BOOK

ချနိုင်တဲ့အာဏာနဲ့ စစ်ကဲ (E.A.C) အထက်တန်းကို တိုးတက်ချင်တဲ့ စိတ်နေစိတ်ထားက ဝံသာနုစိတ်ကလေးကို ပြန်ပြီး လွှမ်းမိုးသွားပြန်ရော။

အဲဒီတော့ သနားစရာတွေမြင်ပြီး လွင့်စင်သွားတဲ့ မင်းစိတ်စိုးစိတ်တွေဟာ သူ့နဂိုနေရာကို ပြန်ရောက်လာတာမို့။ ကျွန်တော့်ဝံသာနုစိတ်က ဗြူရိုကရက် မင်းစိတ်စိုးစိတ်ကို အရှုံးပေးလိုက်ရရော။

ဒီအချိန်က ကျွန်တော့်ကို မြို့နယ်ရာဇဝတ် တရားသူကြီးအဖြစ် ပထမတန်းအာဏာ ထောင်ဒဏ် ၂ နှစ်အထိ ချနိုင်တဲ့ အာဏာပေးထားပါတယ်။

အမှုတွေကိုစစ်ရတော့ ဝံသာနုစိတ်ထားကလေးနဲ့ အမှုသည်တွေဒုက္ခသိပ်မဖြစ်ရအောင် ဗြူရိုကရက်စည်းဝိုင်းထဲကပဲ တတ်နိုင်သမျှလုပ်ခဲ့ရပါတယ်။

အမှုဖြစ်လို့ စစ်ဆေးတဲ့အခါ အမှုသည်တွေ၊ သက်သေတွေအသွားအလာလွယ်အောင် သူတို့နဲ့ ၅ မိုင်အတွင်းမှာရှိတဲ့ ဗိုလ်တဲတစ်တဲတဲမှာ ချိန်းပြီးစစ်တဲ့ အစီအစဉ်ကို လုပ်ပါတယ်။

ဒီလိုလုပ်တဲ့အတွက် သက်သေခံရမဲ့ လူတွေလည်း မြို့အထိသွားရလာရနဲ့ ဒုက္ခမများဘူး။ အစိုးရအတွက် သက်သေစရိတ်လည်းသက်သာတယ်။ အသွားအလာလွယ်တော့ လူစုံစုံရောက်နိုင်လို့ အမှုလည်း မြန်မြန်ပြီးနိုင်တယ်။ လွှတ်တဲ့လူကိုလွှတ်၊ ထောင်ချမဲ့လူကိုလည်း ချက်ချင်းထောင်ချတော့ အနီးအနားမှာရှိတဲ့ လူဆိုးသူဆိုးအပေါင်းအဖော်တွေကလည်း သူ့တို့ရဲ့မျက်စိအောက် နားအောက်မှာ

mgyoe.com

mgyoe.com


စီရင်ချက်ချနေတာတွေ့တော့ တို့လည်း ဒီလိုလုပ်ရင် ဒီလိုခံရပါက လားလို့ အသိဉာဏ်ဝင်ပြီး လူကောင်းသူကောင်း ဖြစ်လာနိုင်တယ်။

တရားခံဘက်ကလိုက်တဲ့ ရှေ့နေရှေ့ရပ်တွေကလည်း ချိန်းတဲ့ ဗိုလ်တဲကို လာကြပါတယ်။ သက်သေထဲမှာ ဆရာဝန်ပါနေရင် အမှုကို စနေ တနင်္ဂနွေနေ့တွေမှာ ချိန်းပေးပါတယ်။ ပျော်ပွဲစားသွားကြတဲ့ သဘောနဲ့ လိုက်ကြပါလို့ ပြောတော့ လိုက်ကြပါတယ်။ စားဖို့ သောက်ဖို့လည်း တာဝန်ယူရတယ်။ အမှုစစ်တဲ့အခါ ဆရာဝန်မလာ နိုင်တဲ့အတွက် အမှုဟာ ကြန့်ကြာတတ်တယ်။ ဒါကြောင့် သူတို့ အားမဲ့ရက်ကို တမင်စီစဥ်ပြီး လုပ်ရတာပဲ။

အချုပ်တရားခံတွေကိုလည်း ပုလိပ်က ရရာယာဥ်နဲ့ ပို့ပေးပါ တယ်။ တချို့ဗိုလ်တဲရှိတဲ့အရပ်မှာ ပုလိပ်ဌာနလည်း ရှိနေတတ်ပါ တယ်။

အမိန့်တော်ရ ရှေ့နေကြီးတွေအတွက် သူတို့ရဲ့ အမှုသည် များက ကျွေးဖို့မွေးဖို့ ချက်ပြုတ်ကြတယ်။ ဌာနာအုပ်ကတော့ အချုပ် သမားတွေနဲ့ အစောင့်အကြပ် ပုလိပ်ကလေးတွေကို ကျွေးပါတယ်။ ကျွန်တော်ကတော့ ဆရာဝန်ရော၊ ရာဇဝတ်ဝန်ထောက်ရော၊ ပုလိပ် အင်စပက်တော်ရော၊ အမှုလိုက်ရော၊ အစိုးရရှေ့နေရော ပါသလောက်ကို တာဝန်ယူ ကျွေးမွေးရပါတယ်။

ဘာကြောင့် ဒီလိုတာဝန်ယူပြီး ကျွေးမွေးနိုင်ပါသလဲလို့ မေးစရာ ရှိတယ်။ ဖြူရိုကရက်မြို့အုပ်ဆိုတော့ ရောက်တဲ့ ရွာခံသူကြီး မင်းက ကြက်၊ ဘဲ၊ ငါး၊ ကြက်ဥကအစ စားစရာတွေကို မနက်မိုးလင်းတာနဲ့ ပို့ကြတယ်မဟုတ်လား။

mgyoe.com

mgyoe.com
SAMPLE BOOK


သူကြီးကလည်း သူ့အိပ်ထဲကပိုက်ဆံနဲ့ ဝယ်ပို့တာမဟုတ်ပါဘူး။ မြို့ပိုင်၊ နယ်ပိုင်၊ အရေးပိုင် ဒီ ၃ ယောက်ထဲက တစ်ယောက်ယောက် ရောက်လာရင် ပြုစုဖို့ ရွာသားတွေဆီက တစ်အိမ်မကျန် ရန်ပုံငွေဆိုပြီး ကောက်ထားတဲ့ငွေရှိတယ်။ အဲဒီထဲက စာရင်းထားပြီး သုံးတာပါပဲ။

"ဒီလိုမလုပ်ကြပါနဲ့" လို့ မြို့အုပ်ဖြစ်ကာစက နယ်ထွက်တော့ ရောက်တဲ့ရွာက သူကြီးတွေကို ပြောပါတယ်၊ မရပါဘူး။ "ဒါဟာ မြို့အုပ်မင်းမရောက်ခင် ရှေးကတည်းက အစဉ်အလာလို မြို့အုပ်တွေ၊ မြို့ချုပ်တွေ၊ ဝန်ထောက်တွေ၊ အရေးပိုင်တွေလာတိုင်း ဒီလိုပဲ ညှိဝတ်ပြုတာပါဘုရား" လို့ ပြောကြပါတယ်။

ဒါကြောင့်လည်း သက်သေထဲပါတဲ့ ဆရာဝန်တို့၊ ရုံးအမှုလိုက်တို့၊ အစိုးရရှေ့နေတို့ကို ကျွန်တော်က ကျွေးမွေးနိုင်တာပဲ။

ရွာခံသူကြီးက စားစရာတွေ မနက်တိုင်း ပို့ပေးတဲ့အပြင် 'အဆင့်ခံ' ဆိုပြီး ရွာသား ၂ ယောက်ကိုလည်း ဗိုလ်တဲကို အလှည့်ကျ ပို့ပေးထားပါသေးတယ်။

တစ်ယောက်က ထင်းပေါက်၊ ရေခပ်၊ ကြက်မွေး ဘဲမွေးနုတ်၊ ပန်းကန်ဆေးစတဲ့ မီးဖိုနဲ့ဆိုင်ရာ အလုပ်လုပ်ဖို့၊ နောက်တစ်ယောက်ကတော့ မြို့အုပ်မင်းနေတဲ့ ဗိုလ်တဲပေါ်မှာ တံမြက်စည်းလှည်းဖို့နဲ့ ဝေယျာဝစ္စတွေလုပ်ဖို့။

ဒီလိုအချိန်မျိုးမှာ ကျွန်တော်နဲ့ပါလာတဲ့ ထမင်းချက်၊ စားပွဲထိုး၊ ရုံးပြာတာတို့နဲ့ ဒီလူတွေနဲ့ တွဲမိပြီး ချက်အရက်ကလေး တမြမြနဲ့

mgyoe.com

m g y o e . c o m

SAMPLE BOOK

ဖြစ်ကုန်ကြရော။ သူတို့ မူးမူးနဲ့ချက်တဲ့ဟင်းတွေကတော့ ပေါ့တာပေါ့၊ ငန်တာငန်နဲ့ အရသာမတွေ့တာက များတယ်။

ဒါပေမဲ့ တောတက်ခရီးထွက်ရတဲ့အခါလည်း သူတို့နဲ့ပဲ သွားရတယ်။ နေမကောင်းဖြစ်ရင်လည်း နှိပ်သူကနှိပ်၊ ဆေးတိုက် သူကတိုက်လို့၊ အရေးကြီးလို့ ညအချိန်မတော် လှည်းနဲ့သွားကြရတဲ့ အခါမှာလည်း လူဆိုး သူဆိုးတို့ရဲ့ အန္တရာယ်ကို ကာကွယ်ဖို့ သေနတ်ကိုင်တဲ့သူက ကိုင်၊ မားကိုင်စောင့်ရှောက်သူက စောင့်ရှောက်ကြတာဆိုတော့ သူတို့ကိုလည်း အလိုလိုက်ရတာပဲ။

ကျားအရေးပိုင်ကြီးက အမိန့်ပေးထားတဲ့အတိုင်း ကျွန်တော်ဆောင်ရွက်လို့ မြင်းခြံမြို့နယ်ဟာ တစ်နေ့ထက်တစ်နေ့ဆိုသလို မားပြမှုတွေ သိသိသာသာ လျော့ဆင်းသွားပါတယ်။ အမှုတွေလည်း ကျွန်တော့်နည်းနဲ့ကျွန်တော် ရှာက ဗိုလ်တဲတွေမှာ ခေါ်စစ်လို့ မြန်မြန်ပြီးကုန်တယ်။ လုပ်ရည်ကိုင်ရည်ကို သဘောကျတယ်ထင်ပါရဲ့၊ ကျားအရေးပိုင်ကြီးက စာနဲ့ပေနဲ့ အစီရင်ခံစာ မရေးတော့ဘဲ ရန်ကုန်ပြည်ထဲရေးဌာန အတွင်းဝန်ချုပ်ဆီ ကျွန်တော့်ကို မြို့အုပ်ကြီးရာထူးအဆင့်မြှင့်ပေးဖို့ ကြေးနန်းရိုက်လိုက်ရောတဲ့။

"ဒီကိစ္စမျိုးဟာ စာနဲ့ပေနဲ့ မရေးဘဲ အတွင်းဝန်ချုပ်ဆီကို တိုက်ရိုက် ကြေးနန်းရိုက်ခွင့်မရှိဘူး။ လုပ်ရမဲ့လမ်းစဉ်က မန္တလေးတိုင်းမှူးကြီးဆီကို အစီရင်ခံပြီး ထောက်ခံချက်ပေးရမယ်။ တိုင်းမင်းကြီးကို ကျော်ပြီး အရေးပိုင်က ဒီနည်းဒီပုံ လုပ်လို့မရဘူး" လို့ ကျားအရေးပိုင် ကြေးနန်းရိုက်လိုက်တာကိုသိတဲ့ အရေးပိုင်ရုံးအုပ်ကြီး

mgyoe.com

mgyoe.com

ဦးထွန်းမောင်က ရုံးဆင်းတဲ့အခါဆုံတော့ ကျွန်တော့်ကို ပြောပြပါတယ်။ ဒါပေမဲ့ ကြေးနန်းကတော့ သွားပြီ။

ညနေ ကလပ်ရောက်တော့လည်း ဒီသတင်းဟာ အများသူငါရဲ့ ပါးစပ်ဖျားရောက်နေပြီး အရေးပိုင်အရှုံးကြောင့် မြို့အုပ်စံတင်တော့ ဒုက္ခရောက်တော့မှာပဲ။ အတွင်းဝန်ချုပ်က ထောက်ခံချက်ဟာ မန္တလေးတိုင်းမင်းကြီးက တစ်ဆင့်မဟုတ်ဘဲ အရေးပိုင်အရှုံးက တိုက်ရိုက်ကြေးနန်းရိုက်တာကို လက်ခံမှာမဟုတ်ဘူး၊ လုပ်ရိုးလုပ်စဉ် မဟုတ်ဘဲ ကျားအရေးပိုင်ကြီးရဲ့ ထောက်ခံချက်ကြောင့် စံတင်တော့ မြို့ပိုင်ဘဝက လက်ထောက်မြို့ပိုင်အဆင့် ပြန်များအချခံရမလား စသဖြင့် ကလပ်မှာ ဖဲရိုက်ရင်း ဝေဖန်နေကြသံကို ကြားရပါတယ်။

တနင်္ဂနွေ ၂ ပတ်လောက်ကြာသွားတော့ "စံတင်ကို မြို့အုပ်ကြီးအဆင့်သို့ တိုးမြှင့်လိုက်သည်" ဆိုတဲ့ ဂေဇက် ထွက်လာပါတယ်။ အားလုံးက အံ့ဩမဆုံး ဖြစ်ကုန်ကြတာပေါ့။

မြင်းခြံမြို့မှာ မြို့အုပ်ကြီးစဖြစ်တဲ့ ကျွန်တော့်အသက်က ၂၈ နှစ်လောက်ပဲ ရှိဦးမယ်။ သား ၂ ယောက်အဖေ ဖြစ်နေပါပြီ။

၁၉၂၅ ခုနှစ် ဒီဇင်ဘာလ ၂၅ ရက်နေ့ ခရစ်စမတ်နေ့ညမှာ ရှေ့နေကြီး မစ္စတာဝတ်ကင်း (Mr. Watkins) က သူ့အိမ်မှာ ကပွဲလုပ်မှာမို့ ငွေတိုက်ဝန်ထောက်ဦးဘချို၊ လက်ထောက်မြို့ပိုင်ကိုကံနဲ့ ကျွန်တော့်ကို ဖိတ်ပါတယ်။ ကျွန်တော်တို့အပြင် တခြားအရာရှိတွေနဲ့ ဗိုလ်ကပြားတွေ၊ မိန်းမတွေလည်း ပါကြတယ်။ အေဘီအမ်ကျောင်းက ဆရာမတွေပါ။ နာမည်တွေကတော့ မေ့ကုန်ပြီ။

mgyoe.com

m g y o e . c o m


ရှေ့နေကြီး မစ္စတာဝတ်ကင်းမှာ သမီးပျိုတစ်ယောက်နဲ့ သားလူပျို ၂ ယောက်ရှိတယ်။

အိမ်ကြီးရဲ့အောက်ထပ်အခန်းကျယ်ကြီးကို မစ္စတာဝတ်ကင်းက ကပွဲဆောင်အဖြစ် ပြင်ဆင်ထားပါတယ်။ ည ၇ နာရီလောက်ကျတော့ မိန်းမတွေကလည်း ဖက်ရှင်အပြင်အဆင်နဲ့ အကျအနဝတ်စားပြီး ရောက်လာကြတာပေါ့။ ဖိတ်ထားတဲ့လူတွေကို ကပွဲဆောင်ရဲ့တစ်ဖက်ခန်းမှာ သောက်စရာအမျိုးမျိုးနဲ့ ဧည့်ခံပါတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း မိတ်ဆက်ပေးပါတယ်။

စားပွဲကြီးတစ်လုံးပေါ်မှာ ဖန်ခွက်တွေ၊ ဝီစကီပုလင်းတွေ၊ ဝိုင်ပုလင်းတွေနဲ့ ရေခဲလည်း အဆင်သင့်ရှိပါတယ်။ ဘေးက စားပွဲပေါ်မှာလည်း ဆိုက်ဒစ်၊ အာလူးကြော် အစရှိတဲ့ မြည်းစရာတွေကို ကြိုက်သလို ယူမြည်းကြဖို့ အသင့်ပဲ။

ယောက်ျားတွေကလည်း ကိုယ်ကြိုက်တဲ့အရက်ကို ထည့်သောက်ကြ၊ မိန်းမတွေကတော့ ဒီတုန်းက ဝိုင်လောက်ပဲ သောက်ကြပါတယ်။ အရက်ကလေးဘာလေး ဗိုက်ထဲဝင်လာတော့ စကားတွေပြောလာကြရော။ အားလုံး မိတ်ဆွေရင်းချာလို ဖြစ်ကုန်ကြတာပေါ့။

မိန်းမတွေကတော့ သောက်ထားပေမဲ့ ဣန္ဒြေရပါတယ်။ သူတို့ရဲ့သိက္ခာကို သူတို့ထိန်းကြဟန် တူပါတယ်။ ဒါမျိုးကို ပထမအကြိမ် တွေ့ရမြင်ရတော့ ဆိုရှယ်ရဲ့တန်ဖိုးကို ကျွန်တော်က ဘေးကထိုင်ကြည့်ရင်း သဘောကျနေမိပါတယ်။

ဒီကပွဲကို ကျွန်တော်ရယ်၊ ဦးဘချိုရယ်၊ ကိုကံရယ်က လုံချည်ပဲဝတ်တတ်ကြပါတယ်။ တခြားလူတွေကတော့ ဘောင်းဘီတွေ နက်တိုင်တွေနဲ့ပါ။

m g y o e . c o m

mgyoe.com  SAMPLE BOOK 

ည ၈ နာရီထိုးတော့ ကပွဲခန်းမက စပြီးကကြဖို့ တီးလုံး ခေတ်ပြားတွေ ဖွင့်တယ်။ ဒီတင် ကိုယ်မျက်စိကျရာ အမျိုးသမီးကို တွဲခေါ်ပြီး ကပွဲခန်းမဆောင်ထဲကို ဝင်ကြတယ်။ ဦးဘချိုက အသက် ၃၀ လောက်ရှိမယ်၊ သူတွဲဝင်သွားတဲ့ အမျိုးသမီးဟာလည်း သူနဲ့ တစ်ရွယ်တည်းလောက်ပဲ။ ကိုကံက လူပျိုလည်းဖြစ်၊ ရုပ်ကလည်းရုပ်သန့်၊ သူကလည်း သူနဲ့လိုက်တဲ့ ဖက်ရှင်အကျဆုံးဝတ်ထားတဲ့ ဆရာမလေး ကိုတွဲပြီး ဝင်သွားတယ်။ ရှေ့နေကြီးသမီးကိုတော့ မြင်းခြံမှာရှိတဲ့ (Steel Cotton Weaving Company) ဝါဂွမ်းစက် အလုပ်ရုံက လက်ထောက်မန်နေဂျာ ဝက် (West) က တွဲသွားပါတယ်။ ရှေ့နေ ကြီးသား ၂ ယောက်နဲ့ ဖိတ်ထားတဲ့ မိုလ်ကပြားတွေကလည်း ကျန်တဲ့ အမျိုးသမီးတွေထဲက မျက်စိကျရာကျရာကို တွဲတွဲသွားကြတယ်။ ကျွန်တော်ကတော့ တွဲမဲ့သူမရှိလို့ ကျန်နေရစ်တဲ့ ထဘီဝတ်ထားတဲ့ ဆရာမ ဝဝတုတ်တုတ်ကလေးကို တွဲပြီး နောက်ဆုံးမှ ဝင်ပါတယ်။ ကလေးမက အသက်အစိတ်လောက် ရှိပါလိမ့်မယ်။

အားလုံးစုံတွဲတွေ ခန်းမထဲမှာစုံတော့ ကလို့ကောင်းမဲ့ ကကြိုး ခေတ်ပြားကို ဖွင့်ပေးတယ်။ ကပြားစုံတွဲတွေကတော့ စည်းဝါး ကိုက်အောင် ခြေယူခြေသိမ်းကအစ ကတတ်ကြပါတယ်။ ကျွန်တော် လည်း ကပြားအတွဲတွေလို သူ့ခါးကိုယ်ဖက် ကိုယ့်ခါးသူဖက်ပြီး ရင်ချင်းအပ် မျက်နှာချင်းဆိုင်ကရတော့ ဖိုမထိတွေ့ရတဲ့ အတွေ့က ကျွန်တော့်ဆောင်နိုင်မအောင် မဟန်တာနဲ့ တွဲကနေတဲ့ ဆရာမကိုပါ အားနာလို့ တစ်ဖက်လှည့်ပြီး သူ့ကိုကျောပေး ကနေပါတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ဒီလို လူကြားထဲမှာကနေတော့ တွဲဖက်အရေးပိုင် (A.D.M) ဦးကျော်က "ဟော့ကောင် ဘယ်လိုကနေတာတုံး" လို့ အနားကပ်ပြီးက ရင်းအော်သွားတယ်။

ဓာတ်ပြားကလည်း မဆုံးနိုင်တော့ဘူးလို့ ကျွန်တော်ထင်နေတယ်။ တွဲဖက်ကရတဲ့ အမျိုးသမီးကလည်း သူ့ဘက်လှည့်ပါ၊ မျက်နှာချင်းဆိုင်ကပါလို့ ကျွန်တော့်နောက်က နားနားကပ်ပြီး ပြောပါတယ်။ ဒါပေမဲ့ ကျွန်တော်က မလှည့်တော့ပါဘူး။ မိန်းကလေးကတော့ ကျွန်တော့်အပေါ် နည်းနည်းမှ ကျေနပ်ပုံမရဘူး၊ ရိုင်းလွန်းတယ်လို့ ထင်မလား၊ ဘယ်လိုထင်မလဲ မပြောတတ်ဘူး။ ဓာတ်ပြားဆုံးလို့ အကရပ်ပြီး ခဏနားကြတော့မှ သူ့ကိုတောင်းပန်ရတယ်။ သူကလည်း နားလည်ပြီး ကျေနပ်ပုံရပါတယ်။

နောက်တစ်ပွဲမစခင် တစ်ဖက်ခန်းမှာ သောက်ကြစားကြတုန်း အိမ်ဝင်းထဲမှာ ဗိုလ်ကပြားတွေ ရန်ဖြစ်ကြပါရော။ သူ့ဟာ ငါ့ဟာနဲ့ လုကြရင်း ကတောက်ကဆ ဖြစ်ကုန်ကြတယ် ထင်ပါရဲ့။ ထွက်တော့မကြည့်ပါ။ သူတို့အချင်းချင်း ကျေအေးသွားပြီးနောက် ဒုတိယပွဲဆက်ကတော့ ဝင်မနွှဲတော့ဘဲ အသာရှောင်နေလိုက်တယ်။

အနောက်တိုင်းရဲ့ ယဉ်ကျေးမှုဆိုတာကို ကြုံရတော့ ဒါဟာ တော်သလင်းပွဲ တစ်မျိုးပါကလားလို့ သံဝေဂ ရနေမိပါတယ်။ ဒီလိုနဲ့ ဘေးကထိုင်ကြည့်ပြီး ည ၁၀ နာရီထိုးတော့ အိမ်ကိုပြန်ခဲ့ပါတယ်။ တစ်လမ်းလုံး ဒီတော်သလင်းပွဲဟာ ဒို့ဗမာယဉ်ကျေးမှုထဲ ထိုးဖောက်ဝင်မိရင် ပြန်တွန်းထုတ်ဖို့ အခက်ကြီးခက်တော့မှာပဲလို့ တွေးမိပြီး အကြီးအကျယ် စိတ်မကောင်းဖြစ်မိပါတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK

အဲဒီရက်လတွေမှာ မြင်းခြံနယ်ထဲက သသမေဓ လူခွန်နဲ့ မြေခွန် မကျေသေးတဲ့ရွာတွေကို လှည့်ပြီး ကိုယ်တိုင်ကိုယ်ကျ အခွန်ကောက်ဖို့ ထွက်နေရတာမို့ တစ်ည လကြီးထိန်ထိန်သာနေတုန်း နယ်ထွက်ဖို့ လှည်း ၂ စီးအသင့် အိမ်ရှေ့မှာ ပြင်ထားပါတယ်။

ခရီးမထွက်ခင် ကလပ်မှာ ထမင်းစားပွဲရှိလို့ သွားရသေးတယ်။ ကလပ်မှာ မြို့ရိုကရက်အရာရှိတွေ လူစုံရောက်နေပါပြီ။ ဝီစကီ၊ ဘရန်ဒီ၊ ဘီယာအပါအဝင် အရက်မျိုးကလည်းစုံလို့။ ဒီအချိန်မှာ ကျွန်တော်ကလည်း ဆိုရှယ်အဖြစ်နဲ့ အနည်းအကျဉ်းဆိုသလို ဒါတွေကို သုံးတတ်နေပါပြီ။

စားသောက်ပြီးလို့ ပြန်အလာ လူကလည်း ခပ်ယိုင်ယိုင် ဖြစ်နေတာနဲ့ အိမ်ပေါ်တက်ပြီး ဇနီးကို နှုတ်မဆက်တော့ဘူး လှည်းပေါ်တက်ပြီး ခရီးစထွက်ခဲ့ရော။

ရှေ့လှည်းမှာ ကျွန်တော်ရယ်၊ တောလိုက်စာရေးကြီးကိုပွရယ်၊ ရုံးပြာတာမောင်ဖိုးဒန်ရယ် စီးကြတယ်။ နောက်ကလှည်းမှာတော့ ထမင်းချက်ကိုစံမြ၊ ရုံးပြာတာမောင်ဖိုးသာတို့ စီးကြတယ်။ ကျွန်တော့် ခြောက်လုံးပြူးသေနတ်ကို စာရေးကြီးကိုပွက လွယ်ထားတယ်။ နှစ်လုံးပြူးသေနတ်ကိုတော့ လှည်းရုံတိုင်ဘေးမှာ ကပ်ပြီးချထားတယ်။ ကိုပွက အဆိုလည်း ကောင်း၊ အတီးလည်း ကောင်းတဲ့လူဖြစ်တော့ ဗျပ်စောင်းနဲ့ သီချင်းကြီးတွေ တစ်ပုဒ်ပြီးတစ်ပုဒ် ဆိုတီး တီးလာကြတာပေါ့။

လှည်း ၂ စီး ခပ်လှမ်းလှမ်းခွာပြီး တအိအိနဲ့မောင်းလာတာ ခေါင်းခွဲရွာအလွန် ဧရာဝတီမြစ်ထဲဆင်းတဲ့ ရေခန်းနေတဲ့ ရိုးကလေး

mgyoe.com

mgyoe.com
SAMPLE BOOK


မရောက်ခင် ကျွန်တော်စီးတဲ့လှည်းနောက်က ခွေးနက်ကလေး တစ်ကောင် ပြေးလိုက်လာတာကို မြင်ရတယ်။ ခွေးကလေးက ချစ်စရာ ဖြစ်လို့ ဆင်းဖမ်းရကောင်းမလားလို့ ကိုပွကိုပြောလိုက်တော့ ခွေးကလေး က ရှေ့မတိုးဘဲ ရပ်ပြီးကြည့်နေတယ်။

ကျွန်တော်ကလည်း စိန်ခြူးကြာညောင်ဆိုပြီး ဗျပ်စောင်းတီး နေတဲ့ ကိုပွကိုအရပ်ခိုင်းပြီး "ကျုပ်တော့ ဒီခွေးကို မသင်္ကာဘူး" လို့ ပြောရင်း အရက်ရှိန်ကလေးကလည်း ရှိနေတာနဲ့ နှစ်လုံးပြူးသေနတ် နဲ့ ထိုးပစ်လိုက်တာပေါ့။

ဒိုင်းခနဲ သေနတ်ကထွက်သွားပေမဲ့ မထိဘူး။ ခွေးကလေးဟာ ၃ ပေလောက်မြင့်တဲ့ ခွေးကြီးဖြစ်သွားပြီး ကျွန်တော်တို့ကို စိုက်ကြည့် နေတယ်။ ဒါနဲ့ နောက်တစ်ချက် ထပ်ပြီးပစ်လိုက်တော့ ခွေးကြီးဟာ လှည်းရှေ့ကိုပန်းတက်ပြီး ငရုတ်ခင်းထဲကို ပြေးဆင်းသွားတယ်။

သေနတ်သံကြားလို့ နောက်လှည်းကလူတွေ အပြေးအလွှား ရောက်လာပြီး ဘာဖြစ်ကြတာလဲလို့မေးတော့ အဖြစ်အပျက်ကို ပြောပြ တယ်။ ကျွန်တော်တို့အားလုံးလည်း လှည်းပေါ်ကဆင်းပြီး ငရုတ်ခင်း ထဲ ခွေးပျောက်လိုက်ရှာကြတယ်။

အတော်ကြာအောင်ရှာကြပေမဲ့ ဘာမှမတွေ့ပါဘူး။ ဒါနဲ့ လှည်းပေါ်ပြန်တက်ပြီး ဆက်မောင်းကြတဲ့အခါ ရိုးကလေးအဆင်းရောက် တော့ နွား ၂ ကောင်က ရှေ့မတိုးတော့ဘူး၊ ခုန်ပေါက်ပြီး ထော်လော် ကန့်လန့်လုပ်နေပါရော။ လှည်းသမားက ဘယ်လိုရိုက်ရိုက် မသွားဘူး၊ နွား ၂ ကောင်ရဲ့ ပါးစပ်ထဲကလည်း အမြှုပ်တွေ တစီစီထွက်လို့။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီလိုဖြစ်တော့ စာရေးကြီးကိုပွက "နွားတွေကို ရိုက်မနေပါနဲ့၊ ဒီသရဲဟာ ငရုတ်ခင်းကိုဖြတ်ပြေးပြီး ရှေ့ကနေ ဆီးတားတာဖြစ်မယ်" လို့ လှည်းသမားကိုပြောပြီး "ဒီလိုကြားဖူးပါတယ်၊ ရှေးကမင်းများ တိုင်းခန်းလှည့်လည်တဲ့အခါ မကောင်းဆိုးဝါး တစ္ဆေသရဲ နတ်စိမ်းတို့က အနှောင့်အယှက်ပေးရင် ငါဟာ နယ်ရှင်ပယ်ရှင်မင်း ဖြစ်တယ်၊ သင်တို့ ငါ့ပိုင်နက်ထဲက ခုချက်ချင်းထွက်ရမယ်လို့ အမိန့်တော်ပြန်တဲ့အခါ မကောင်းဆိုးဝါးတွေဟာ ရှောင်ရှားပေးရတယ်လို့ ဆိုပါတယ်။ ခုလည်း မြို့အုပ်မင်းက ရာဇသံပါပါနဲ့ အမိန့်တော်ပြန်တော်မူပါ" လို့ အကြံပေးတယ်။

ကြံရာမရဖြစ်နေတဲ့ ကျွန်တော်ဟာ စက္ကူတစ်ရွက်ဆွဲထုတ်ပြီး "အခု နင်တို့ တစ္ဆေသရဲများ ကျက်စားနေသောနေရာသည် မြင်းခြံမြို့နယ်ကိုပိုင်သည့် ငါမြို့အုပ်မင်းရဲ့ ပိုင်နက်နယ်မြေဖြစ်သည်၊ ငါ့ပိုင်နက်အတွင်းမှာပင် နင်တို့သည် ငါ့ကို အနှောင့်အယှက်ပေးကြ၏။ ဒီအပြစ်ကြောင့် ခုချိန်ကစပြီး ငါ့ပိုင်နက်၊ ငါ့ပိုင်နယ်မြေက နင်တို့ကို နှင်ထုတ်သည်၊ ထွက်သွားကြစေ" လို့ စာလုံးကလေးတွေတောင် မြင်နိုင်အောင် လင်းနေတဲ့ လရောင်အောက်မှာရေးပြီး မတ်တတ်ရပ်လျက် အာဏာသံပါပါနဲ့ ဖတ်လိုက်ပါတယ်။ ဖတ်လို့ဆုံးတာနဲ့ သေနတ် ၂ ချက်ဆင့်ပြီး ဒိုင်း ဒိုင်းနဲ့ ပစ်ဖောက်လိုက်တာပေါ့။

သေနတ်သံ စဲသွားတာနဲ့ ငရုတ်ခင်းထဲက ဝါးဝါးနဲ့အော်ကာ ပြေးသွားတဲ့ အသံကြီးကို ကြားလိုက်ရပြီး တစ်ကွင်းလုံး တိတ်သွားတာပဲ။

mgyoe.com

mgyoe.com

SAMPLE BOOK


ဘာသံမှမကြားရတော့ အမြှုပ်တွေပြန်ပြီး တရှူးရှူးဖြစ်နေတဲ့ နွား ၂ ကောင်ကို ဟဲ့နွားလို့ လှည်းသမားက ဆိုလိုက်ရုံနဲ့ နွား ၂ ကောင်ဟာ ဘာမှမဖြစ်တဲ့အတိုင်း ရှေ့ကိုဆက်သွားတာပဲ။

အဲဒီမှာ ကျွန်တော်ဟာ တစ္ဆေသရဲ အဟုတ်တကယ်ရှိတယ် ဆိုတာ ကောင်းကောင်းကြီး ယုံကြည်သွားပါတယ်။

ည ၁၂ နာရီလောက်ရှိတော့ မြင်းခြံနဲ့ ၇ မိုင်လောက်ဝေးတဲ့ တလုပ်မြို့လို့ခေါ်တဲ့ ရွာကို ရောက်ကြပါတယ်။ သူကြီးအိမ်မှာ စတည်းချပြီး သူကြီးဦးဘခင်နဲ့ သူကြီးကတော်ဒေါ်ထွန်းမေကို လမ်းမှာ ကြုံခဲ့ရပုံကို ပြောပြတော့ ဦးဘခင်က "ဒီသရဲ အခြောက်ခံရလို့ ကျွန်တော်မျိုးတို့ရွာက လူ ၃–၄ ယောက် သေခဲ့ရပြီ၊ မြင်းခြံက ည လှည်းနဲ့ ရွာကိုအပြန် ဒီသရဲက လှည်းနောက်မြီးက လူနီကြီးယောင်ဆောင်ပြီး တက်တယ်၊ နောက် ဆင်းသွားတယ်။ ဒါနဲ့လန့်ပြီး ရွာရောက်တော့ ဖျားသေကုန်တာပဲ" လို့ ပြောပါတယ်။

ကျွန်တော် အမိန့်ပြန်လိုက်ပြီးကတည်းက ဒီနေရာမှာ သရဲမခြောက်တော့ဘူးလို့ နောက်တော့သိရပါတယ်။

ကျွန်တော် ဖြူရှိကရက်မြို့အုပ်ဖြစ်ချိန်က သူကြီးတွေကလည်း ဘမျိုးဘိုးတူဆိုသလို ဖြူရှိကရက်သူကြီးတွေပေါ့။ ဒါပေမဲ့ သူကြီးတွေ ဖြူရှိကရက်ဖြစ်ပုံက တယ်ပြီးမထင်ပေါ်လှဘူး။ အများအားဖြင့် သူကြီးတွေကို ရွာသားတွေက ရိုသေကြပါတယ်။ သူကြီးရဲ့ ဩဇာကိုလည်း နာခံကြပါတယ်။ သူကြီးတွေကလည်း လူဆိုးကို လူဆိုးအလျောက်၊ လူကောင်းကို လူကောင်းအလျောက် အုပ်ချုပ်တယ်။ ရပ်ရွာအပေါ် မိဘသဖွယ် အုပ်ချုပ်တယ်လို့ ထင်မြင်ယူဆစရာ ဖြစ်နေတာကိုး။

mgyoe.com

ဒီလို အုပ်ချုပ်နိုင်အောင်၊ ရွာသူရွာသားတွေက ကြည်ညို အားကိုးအောင်၊ သူ့ဩဇာတည်အောင် တစ်ဖက်က ဘယ်ပုံကိုင်ထား တယ် ဆိုတာကိုတော့ ရှင်းပြမှ သိကြလိမ့်မယ်။ ဒါဟာ သူကြီးတွေရဲ့ လျှို့ဝှက်ချက်ပဲ။ ဗြိုရိုကရက် အုပ်ချုပ်ရေးယန္တရားရဲ့ ပင်မသွေးကြော လည်းဖြစ်တယ်။

အထက်မြန်မာပြည် ကျေးလက်တောရွာက လူတွေဟာ ဆင်းရဲ ကြပါတယ်။ သူတို့ကို လက်ဖြန့်ခံ လူတန်းစားလို့တောင် ခေါ်ဖို့ ကောင်းတယ်။ ဒီအထိ ဆင်းရဲရှာကြတယ်။ ဒီအခြေအနေမျိုးမှာ...

(၁) ရွာကို တောင်ယာပဲခင်း လုပ်ငန်းအတွက် အမတော်ငွေ ထုတ်ချေးဖို့ မြို့အုပ်ရောက်လာပြီဆိုရင် အမတော်ငွေရဖို့ ထောက်ခံပေးအောင် သူကြီးကို ကပ်ရတယ်။

(၂) ဧရာဝတီမြစ် ရေကျသွားတဲ့အခါ မြေနုပေါ်တော့ ကိုင်း စိုက်ဖို့ မြေဝေတဲ့အခါ မြေနေရာရဖို့အရေးကလည်း တော် တော်ကြီး အရေးကြီးတယ်။ ဒါလည်း သူကြီးလက်ထဲမှာ ရှိတယ်။

(၃) အင်း ရယ်လို့ အစိုးရက မသတ်မှတ်၊ မပြဋ္ဌာန်းသေးတဲ့ ဧရာဝတီမြစ်ကြီးထဲ စီးဆင်းတဲ့ ချောင်းတွေ မြောင်းတွေထဲ က အိုင်ကလေး၊ အင်းကလေးတွေမှာ လုပ်စားခွင့်ရဖို့က လည်း သူကြီးနဲ့ မကင်းဘူး။

(၄) ထန်းရည်ခါးကိုင်သူတွေကို ယစ်မျိုးရဲ့ အဖမ်းအဆီး မခံရ အောင် သူကြီးကမှ စောင်မနိုင်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK


(၅) အရက်ချက်တဲ့ လူတွေကိုလည်း ဒုက္ခမဖြစ်အောင် လုပ်ပေးနိုင်တယ်။

(၆) ရွာထဲက ၁၀၉ ၁၁၀ အလုပ်လက်မဲ့တွေကို ပုလိပ်က မျက်စောင်းထိုးရင် သူကြီးက ကာကွယ်ပေးနိုင်တယ်။

(၇) ရွာကိုဆူးတပ်ကာဖို့၊ ဆူးကာလုပ်ဖို့၊ ကင်းစောင့်ဖို့ကို အလှည့်မသင့်လို့ ပျက်ကွက်ရင်ဖြစ်ဖြစ်၊ အစိုးရရဲ့ ချောစာတွေ ပို့ဖို့ပဲ ဖြစ်ဖြစ်၊ ချောလှည်းနဲ့ အရာရှိတွေကို သွားချင်ရာ လိုက်ပို့ဖို့ဖြစ်ဖြစ် အလှည့်ချပေးရာမှာ သူကြီးရဲ့သဘော အတိုင်း ဖြစ်တာကြောင့် သူကြီးကို မကပ်ဘဲ အောက် မကျို့ဘဲ မဖြစ်ဘူး။

နောက်ပြီးတော့ သူကြီးတစ်ယောက်ရဲ့ ရိုးရိုးအာဏာဆိုရင် ကျေးရွာလက်စွဲဥပဒေအရ ပြည်သူ့လုပ်ငန်းတွေလုပ်ဖို့ သူကြီးက ခိုင်းရာမှာ ပျက်ကွက်ရင် တစ်ချက်လွှတ်အာဏာ ဗီတိုပါဝါနဲ့ ဒဏ်ငွေ ၅ိ တပ်နိုင်တယ်။ အမှုတွဲတွေမလိုဘူး ပါးစပ်နဲ့စစ်မေးပြီး အမိန့်ချနိုင်တယ်၊ အယူခံခွင့်မရှိဘူး။

အထူးအာဏာရ သူကြီးဖြစ်ရင်တော့ တန်ခိုးပိုကြီးတယ်။ အထူးအာဏာရသူကြီးရဲ့ ပါဝါဟာ သမာဓိမြို့ဝန်လောက်ကြီးတယ်။

အဲဒါတွေကြောင့် တောရွာကျေးလက်မှာ နေကြရတဲ့ ဆင်းရဲသား လက်ဖြန့်ခံလူတန်းစားတွေဟာ သူတို့ကိုအုပ်စိုးတဲ့ သူကြီး တွေကိုပဲ အားကိုးအားထားပြုပြီး ခိုင်းတာလုပ်ပေးနေကြရတယ်။ ဆန်းစစ်ကြည့်ရင် ဗြုရိုကရက် အင်္ဂလိပ်အစိုးရရဲ့ ဝါဒအတိုင်း အာဏာပေးပြီး အာဏာနဲ့ခိုင်းတော့ လုပ်ကြရတာပဲ။

mgyoe.com

mgyoe.com SAMPLE BOOK

'ကြီးနိုင်ငယ်ကြောက်' ဆိုသလို ပြူရိုကရေစီစနစ်အရ ဆင့်ကဲဆင့်ကဲ သူကြီးမင်းတွေက မြို့ပိုင်ကိုကြောက်ရ၊ မြို့ပိုင်ကလည်း သူ့အထက်ကလူကို ကြောက်ရနဲ့ ဒီလိုသွားကြတာပဲ။ အောက်က တစ်ဆင့်ကိုတစ်ဆင့် ကြောက်ကြောက်ပြီး အထက်ဆုံးအထိ ကြောက်သွားရတယ်။ အထက်ကတော့ အာဏာနဲ့နင်းပြီး အောက်ဆုံးအထိ အမိန့်နဲ့ဆင်းလာတယ်။ ဒါဟာ ကြီးနိုင်ငယ်ကြောက် ပြူရိုကရေစီ သဘောပဲ။ ဒီသဘောအခြေခံရဖို့က ရွာသူကြီးတွေမှာ ခုနပြောခဲ့တဲ့အကြောင်းတွေနဲ့ အခြေခံထားပါတယ်။

ဒီအခြေခံ ပြူရိုကရက်ယန္တရားကို လည်ပတ်ဖို့ မြို့အုပ်မင်းအဆက်ဆက် ဘယ်မြို့အုပ်မင်းလာလာ ကျေးရွာတွေမှာ အဘက်ဘက်က ငြိမ်ဝပ်ပိပြားနေအောင် သူကြီးတွေက သစ္စာရှိရှိနဲ့ အမှုထမ်းရှာကြပါတယ်။

ပြူရိုကရက် ရွာသူကြီးတွေရဲ့အကြောင်းကို ပြောပြီးတော့ ပြူရိုကရက်မြို့အုပ်မင်းတွေ အခြေအနေကိုလည်း ရှင်းပြချင်ပါသေးတယ်။ ပုံသေ အင်္ဂလိပ်ရဲ့စနစ်တစ်ခုမှာ အထက်အရာရှိဖြစ်တဲ့ အင်္ဂလိပ်တွေက သူတို့ရဲ့လက်အောက်အမှုထမ်း ဗမာအရာရှိ အရာခံတွေကို ကျိုးနွံအောင်၊ သူတို့ကို မတော်လှန်ရဲအောင် အာဏာအသင့်အတင့်ပေးသလောက်ပေးထားပြီး အစဉ်သဖြင့်တော့ နှိမ်ထားတာပဲ။

ဥပမာကလေးတစ်ခု ပေးပါမယ်။ အင်္ဂလိပ် အိုင်စီအက်စ်အရေးပိုင်နဲ့အတူ နယ်လှည့်ထွက်တော့ ရွာရောက်လို့နားတဲ့အခါ ရွာသူရွာသားတွေ စုဝေးနေတဲ့ လူအုပ်ကြီးရဲ့ရှေ့မှာ မြို့ပိုင်က မြေပေါ်မှာ

mgyoe.com

mgyoe.com
SAMPLE BOOK


ပုဆစ်တုပ်ထိုင်ရာက ကုလားထိုင်ပေါ်က အင်္ဂလိပ်အရေးပိုင်ကို ရှိခိုး ဘုရားထူးပြီး နယ်အကြောင်းနဲ့ပတ်သက်လို့ ဟိုပြောဒီပြော ပြောနေရ ပါတယ်။

ဒီလို မြို့ပိုင်က အင်္ဂလိပ်အရေးပိုင်ကို ရှိခိုးပြီး ပြောနေဆိုနေ တာတွေကို ရွာသူရွာသားတွေရဲ့ စိတ်ထဲမှာ ဘယ်လိုထင်နေမလဲ။ "သြော်... ဒို့မြို့ပိုင်ကြီးကတောင် ရိုရိုသေသေနဲ့ ဘုရားထူးထူးပြီး ရှိခိုးသံတော်ဦးတင်နေရရင် ဒို့တစ်တွေမှာ ဒူးတုပ်ပြီး ခေါင်းပေါ်က လက် ၂ ဖက် မချရတော့ဘဲ ပြားနေအောင်ဝပ်ပြီး သူမေးတာ ဖြေရုံရှိတော့တာပဲ" လို့ တွေးမိကြမှာပဲမဟုတ်လား။ လုပ်လည်းလုပ်နေကြ ရတာပဲ။ ဒီအထိ အောက်ခြေသိမ်း နှိမ်ထားပုံဟာ ခံနိုင်စရာတောင် မရှိဘူး။ ဒါပေမဲ့ အဲဒီအချိန်က ခေါင်းမထောင်ရဲကြသေးဘူး။

ဆင့်ကဲဆင့်ကဲ သဘောဆိုတော့ ရွာသူကြီးလုပ်သူကလည်း ဆယ်အိမ်ခေါင်းအပေါ်၊ မြို့ပိုင်လုပ်သူက သူကြီးအပေါ်၊ အင်္ဂလိပ် အိုင်စီအက်စ်အရေးပိုင်က နယ်ပိုင် မြို့ပိုင်အပေါ် ဆင့်ကဲဆင့်ကဲ အာဏာ သုံးပြီး မြူရှိကရက် အုပ်ချုပ်ရေးယန္တရားကို လည်ပတ်အောင် လုပ်သွား တာပဲ။ ဘယ်သူမှ ခေါင်းမထောင်နိုင်ကြဘူး။

နောက်ပြီး သူ့တန်ခိုးနဲ့သူဆိုတော့ လက်အောက်ငယ်သားတွေ ပိုင်းက ဘုရားထူးကြတာတွေလည်း မိုးမွှန်နေကြတာပဲ။ တချို့ သူကြီးတွေကို ရွာသားတွေက ဘုရားထူးကြတယ်။ သူကြီးရဲ့အိမ်ဝင်း ထဲဝင်ရင် ဖိနပ်ချွတ်ပြီးမှ ဝင်ကြတယ်။ ဒီလိုလုပ်ကြဖို့ အမိန့်ပေး ထားတာ မရှိပေမဲ့ အဆက်ဆက်က လုပ်လာခဲ့ကြတာနဲ့ လိုက်လုပ် နေကြတာပဲ။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော် မြို့ပိုင်ဖြစ်ခါစက ကျေးရွာတွေကို နယ်လှည့်ရောက်တဲ့အခါ လူတွေက ဘုရားထူးလိုက်ကြတာ ကိုယ့်ကိုယ်ကိုယ် ရှက်တောင်ရှက်မိတယ်။ မထူးပါနဲ့လို့ တားပေမဲ့ မရဘူး၊ ဒီတော့ ဘုရားထူးခံ နေရတာပဲ။

ရုံးစိုက်တဲ့မြို့ကို ပြန်ရောက်လို့ အင်္ဂလိပ် အိုင်စီအက်စ် အရေးပိုင်က ပြာတာလွှတ်ပြီးအခေါ်ခိုင်းရင် တရားခွင်မှာ အမှုစစ်နေတုန်း ဖြစ်ရင်တောင် အမှုအတွက် လျှောက်လဲနေကြတဲ့ ရှေ့နေကြီးတွေကို ခဏဆိုင်းပါဦးလို့တားပြီး အရေးပိုင်ဆီ ပြေးသွားရတယ်။

အခန်းဝရောက်တော့ ဖိနပ်ကိုချွတ်၊ လက်အုပ်ချီပြီးဝင် နယ်အခြေအနေ သူမေးသမျှကို အင်္ဂလိပ်လိုပြန်ပြောရင် မကြိုက်မှန်းသိတော့ ကျွန်တော်မျိုးတို့၊ ဘုရားတို့နဲ့ မြန်မာစကားနဲ့ ရိုရိုသေသေ အစီရင်ခံပြီးလို့ သွားတော့ဆိုမှ လက်အုပ်ကလေးချီ၊ နောက်ဆုတ်ပြီး ထွက်၊ အခန်းပြင်ကျမှ ဖိနပ်ကောက်စီးပြီး ကြွားကြွားဝင့်ဝင့်နဲ့ တရားခွင် ပြန်ထိုင်ရတာပဲ။

ကျေးတောသူ ကျေးတောသားတွေဆီက အထူးခံခဲ့ရတဲ့ 'ဘုရား' တွေဟာ အင်္ဂလိပ် အိုင်စီအက်စ် အရေးပိုင်ကို ပြန်ထူးလိုက် ရတော့ ကုန်ပါလေရော။ အမြတ်ဝေးလို့ အရင်းထဲကတောင် ပါကုန်တာပါပဲ။

■

mgyoe.com

mgyoe.com SAMPLE BOOK

( ၄ )

# ယူနီဘာစီတီသိပ္ပံ ရန်ပုံငွေ

၁၉၂၇ ခုနှစ်လောက်မှာ ကျွန်တော့်ကို မြင်းခြံမြို့ပိုင်အဖြစ်က ပျော်ဘွယ်မြို့ပိုင်အဖြစ် ပြောင်းလိုက်ပါတယ်။ ဒီအချိန်မှာ ဘုရင်ခံဆာဟာကုတ်ဘတ္တလာပါ။

မြန်မာပြည်သမိုင်း – အထူးအားဖြင့် မြန်မာ့ပညာရေးသမိုင်းနဲ့ အများကြီးဆက်စပ်သူမို့ ဆာဟာကုတ်ဘတ္တလာအကြောင်း သိဖို့ကောင်းပါတယ်။ ဒီဘုရင်ခံဟာ အိန္ဒိယအင်ပါယာအတွင်းမှာ ၃၇ နှစ်အမှုထမ်းသွားသူဖြစ်တယ်။ ၁၈၉၀ ခုနှစ်က အိန္ဒိယပြည် ယူနိုက်တက်ပရောဗင့်(စ်)ရဲ့မြို့တော် အလာဟာဘတ်မြို့မှာ အလုပ်စဝင်တယ်။ ၁၈ လကြာတော့ အတွင်းဝန်ကလေး ဖြစ်လာတယ်။ ဒီနောက် အူဒါဆိုတဲ့နယ်မှာ ကြေးတိုင်အရာရှိလုပ်တယ်။ အဲဒီနယ် ၂ ခရိုင်မှာ ကြေးတိုင်အပြည့်အစုံ စိုက်နိုင်ပြီးတဲ့နောက် တတိယခရိုင်ရဲ့ တစ်စိတ်

mgyoe.com

mgyoe.com


တစ်ဒေသကိုလည်း ပြီးအောင်လုပ်ပေးခဲ့သေးတယ်။ အဲဒီဒေသက ဘာသာစကားနဲ့ ဓလေ့ထုံးစံတွေကို ကောင်းကောင်းကျွမ်းကျင်သူပဲ။ အိန္ဒိယပြည်မှာ မြူတနီတပ်တွင်း ထကြွမှုကြီးဖြစ်ပြီးတဲ့နောက် လော့ဒ်ကင်နင်းက တလပ်ဒါးလို့ခေါ်တဲ့ မြေပိုင်ရှင်တွေကို အများကြီး မြှောက်စားခဲ့တယ်။ ဒါ့ကြောင့် အဲဒီနယ်မှာ မြေပိုင်ရှင်ကြီးတွေနဲ့ လယ်လုပ်သူတွေ ပြဿနာအကြီးအကျယ် ပေါ်ကြတာပေါ့။ ဟာကုတ်ဘတ္တလာက ၁၉၂၁ ခုနှစ်မှာ အူဒါမြေငှား အက်ဥပဒေဆိုတာနဲ့ အဲဒီကိစ္စတွေကို ကြားဝင်ဖျန်ဖြေပေးခဲ့တယ်။

လက်ခနောင်းအရေးပိုင်အဖြစ် တာဝန်ထမ်းဆောင်နေတဲ့အချိန်မှာ မြို့ကို လှအောင် ပြုပြင်မွမ်းမံတဲ့အတွက် ဆာဟာကုတ်ဘတ္တလာ ရုပ်တုတစ်ခု လက်ခနောင်းမှာ တည်ဆောက်ထားကြသတဲ့။ မြို့လူထု ဆန္ဒနဲ့ လုပ်ကြတာဖြစ်မလား၊ အာဏာရှိသူများ၊ အကျိုးခံစားကြရတဲ့ ကန်ထရိုက်များက လက်ဆောင်ထိုးကြတာလားဆိုတာတော့ ဗြိတိသျှ လက်အောက်မှာ နေခဲ့ရဖူးသူတွေ စဉ်းစားနိုင်ကြပါလိမ့်မယ်။ ကျွန်တော် တို့နိုင်ငံမှာ ဟာကုတ်ဘတ္တလာကြေးရုပ် တည်ဆောက်ရေးပြဿနာ ပေါ်ခဲ့တာ၊ ဖြစ်အောင်တည်ဆောက်ခဲ့တာတွေနဲ့ ယှဉ်တွဲစဉ်းစားကြရ မှာပဲ။

အိန္ဒိယပြည်မှာ အမှုထမ်းအသက် ၁၈ နှစ်ရတဲ့ ၁၉၀၈ ခုနှစ်မှာ အိန္ဒိယအစိုးရရဲ့ နိုင်ငံခြားရေးအတွင်းဝန်တာဝန်ကို ဟာကုတ် ဘတ္တလာ ထမ်းဆောင်ရတယ်။ ဒီနောက် ဘုရင်ခံချုပ်ရဲ့ကောင်စီမှာ ပါလာပြီး ပညာရေးနဲ့ပတ်သက်တဲ့ ဝါဒလုပ်ငန်းစဉ်တွေ ချတဲ့ဘက်က တာဝန်ထမ်းဆောင်ရပြန်ရော။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

၁၉၁၅ ခု အောက်တိုဘာလမှာ မြန်မာပြည်လက်ထောက် ဘုရင်ခံ (လက်ဖတင်နင်ဂါဗနာ) အဖြစ် တာဝန်ထမ်းဆောင်ရတယ်။ ပထမကမ္ဘာစစ်ကြီး ဖြစ်နေတုန်းအချိန်မှာ ဗြိတိသျှနဲ့ မဟာမိတ်တို့မှာ လက်နက်ထုတ်လုပ်ရေးနဲ့ ပတ်သတ်ပြီး ဂူဖရန်သတ္တုများ အင်မတန်လို လာတယ်။ ဂူဖရန်တွေ ထားဝယ်ခရိုင်မှာ အများကြီးရှိတယ်။ ဒါ့ကြောင့် သူကိုယ်တိုင် ထားဝယ်ကို ၁၉၁၆ ခုနှစ် ဒီဇင်ဘာလအတွင်းမှာ သွားပြီး ရန်ကုန်ကို ပြန်ရောက်တော့ ကုမ္ပဏီကြီးတွေက ကိုယ်စားလှယ်တွေ တက်တဲ့ ကွန်ဖရင့်တစ်ခုလုပ်ပြီး ဂူဖရန်ရအောင်တူးကြဖို့ စည်းရုံး တိုက်တွန်းတယ်။ တကယ်ကတော့ ဒီလိုတွေ့ဆုံကြတာ ၁ နာရီတောင် မကြာဘူး။ ဒါပေမဲ့ ထားဝယ်နားက သတ္တုတွင်းနေရာတွေမှာ သစ်သား အိမ်တွေဆောက်၊ လမ်းကြမ်းတွေ ချက်ချင်းဖောက်တယ်။ ၇ လ ကြာတော့ ထားဝယ်မြို့နားက ရွာတွေကို သူတစ်ခေါက် ထပ်သွားပြန် ရော။ အဲဒီမှာ အသင်းသား ၁၀၀ ကျော်ရှိတဲ့ မျက်နှာဖြူ ကလပ် တစ်ခုရှိနေပြီ။ သတ္တုတွင်းအင်ဂျင်နီယာ ၂၀ လောက်က ခေါင်းဆောင် ပြီး သတ္တုတူးတဲ့ လုပ်ငန်းတွေ လုပ်နေကြပြီပေါ့။ မော်တော်ကား ၁၀၀ လောက်လည်း တင်သွင်းပြီးလို့ လမ်းပေါ်ရောက်နေကြပြီ။ ဂူဖရန် တွေ ၂ ဆမက ပိုထွက်လာတယ်။ ဒါ့ကြောင့် ရှိနေတဲ့ အခက်အခဲ တစ်ခုကို မဟာမိတ်တို့ဘက်က ကောင်းကောင်းကြီး ကျော်လွှားနိုင် ခဲ့ကြတယ်။

ဟာကုတ်ဘတ္တလာကို အဲဒီလို လုပ်ရည်ကိုင်ရည်တွေအတွက် ဘုရင်ခံချုပ်က အင်မတန်သဘောကျတာပေါ့။ သူ့အရည်အချင်းကို အားကိုးတယ်။ ၁၉၁၇ ခုနှစ်မှာ ယူနိုက်တက်ပရောဗင့်စ်နယ်ကို ပြောင်းရွှေ့ရတယ်။

m g y o e . c o m

mgyoe.com

SAMPLE BOOK




ဗမာပြည် ပထမဘုရင်ခံ ဆာဟာကုတ်ဘတ္တလာ (၁၉၂၃-၂၇) ခု

mgyoe.com

mgyoe.com

SAMPLE BOOK


၁၉၂၃ ခုနှစ်၊ ဇန်နဝါရီလမှာ ဗမာနိုင်ငံရဲ့ ပထမဆုံး ဘုရင်ခံအဖြစ် ပြန်ရောက်လာတယ်။ ၁၉၂၇ ခုနှစ်အထိ ဘုရင်ခံ အဖြစ်နဲ့ ဗမာပြည်မှာ အုပ်ချုပ်နေတုန်း ဟာကုတ်ဘတ္တလာနဲ့ သူ့ အသိုင်းအဝိုင်းတွေ ဂုဏ်ယူကြတာကတော့ ဟူးကောင်းတောင်ကြား ကိုသွားပြီး ကျွန် ၄၀၀၀ ကို လွတ်စေတာ၊ ကျွန်စနစ်မရှိရလို့ ကြေညာတာဖြစ်တယ်။ သူ့အမိန့်ကို ဆက်ဆောင်ရွက်ရသူတွေကတော့ မစ္စတာဂျေတီအိုဘားနတ်ဆိုသူနဲ့ သူ့လက်အောက်က အရာရှိတွေပဲ။ ၁၉၂၇ ခုနှစ်၊ ဇန်နဝါရီလမှာ မြစ်ကြီးနားကို သွားပြန်တယ်။ အဲဒီမှာ လည်း တြိဂံနယ်မြေက ဒူးဝါးတွေခေါ်ပြီး ကျေးကျွန်စနစ် မရှိစေရ၊ ရှိထားတဲ့ ကျေးကျွန်တွေ လွတ်ပစ်ရမယ်လို့ အမိန့်ပေးတယ်။ ၁၉၂၇ ခုနှစ်ကုန်မှာ ဆာဟာကုတ်ဘတ္တလာရဲ့ ဘုရင်ခံသက်တမ်းကုန်တယ်။ အစိုးရအလုပ်က သူပင်စင်ယူလိုက်ပြီး ဘိလပ်ကိုပြန်ရော။ သူ့နေရာ ကိုရောက်လာတဲ့ ဘုရင်ခံသစ်ကတော့ ဆာချားလ်စ်အင်းနစ္စတဲ့။


အိန္ဒိယမှာ ပညာရေးနဲ့ပတ်သက်ပြီး အလုပ်လုပ်ခဲ့ဖူးတာလည်း တစ်ကြောင်း၊ သူ့လုပ်ရပ်အနေနဲ့ မှတ်မှတ်သားသား ကျန်ရှိစေလိုတာ လည်း တစ်ကြောင်းကြောင့် ဆာဟာကုတ်ဘတ္တလာက ရန်ကုန်မှာ တက္ကသိုလ် ကျောင်းတစ်ကျောင်းဆောက်ဖို့ ရန်ပုံငွေကောက်ခိုင်းတယ်။

၁၂၈၉ ခု၊ ကဆုန်လဆုတ် ၄ ရက်၊ ၁၉၂၇ ခု၊ မေလ ၁၉ ရက်နေ့ သူရိယသတင်းစာမှာ ဖော်ပြပါရှိတဲ့ ဆာဟာကုတ်ဘတ္တလာရဲ့ တက္ကသိုလ်ရန်ပုံငွေထည့်ဝင်ဖို့ မေတ္တာရပ်ခံချက်ကို အင်္ဂလိပ်မြန်မာ ၂ ဘာသာ မူရင်းအတိုင်း ဖော်ပြလိုက်ပါတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK

**Governor's Camp,**
Burma.

To the Generous People of Burma.

Give Gladly, Give Greatly, Give Now
To the University Fund!
Your Future Depends upon it,
Let, Rangoon Lead the Way!

**Harcourt Butler.**

10th May 1927.

mgyoe.com

mgyoe.com
SAMPLE BOOK


**ယူနီဘာစီတီသိပ္ပံ ရုံပုံငွေ**

မြန်မာပြည်ရှိ လှူဒါန်းရာတွင် ရက်ရောသောသူများသို့-

ယခုအချိန်အခါတွင် များပြားစွာ ဝမ်းမြောက် ဝမ်းသာနှင့် ယူနီဘာစီတီရုံပုံငွေ ထည့်ဝင်လှူဒါန်းကြပါ။

မြန်မာပြည်၏ နောင်ရေးသည် သိပ္ပံကျောင်းရန်ပုံငွေ လုံလောက်စွာရခြင်းအပေါ်တွင် မှီလျက်ရှိ၏။ ရန်ကုန်မြို့က အခြားမြို့များကို စံနမူနာဖြစ်ပါစေ။

ဟာကွတ်ဘတ်တလာ

၁၉၂၇ ခု ၊ မေလ ၁၀ရက်နေ့။

အဲဒီလို မေတ္တာရပ်ခံလိုက်တဲ့အခါ ရန်ကုန်မြို့နဲ့ တခြားမြို့ကြီး ၃-၄ မြို့က မြို့မျက်နှာဖုံး ငွေရှင်ကြေးရှင်တချို့ကလွဲပြီး ဘယ်သူမှ ဂရုစိုက်ပြီး ယူနီဘာစီတီ ရန်ပုံငွေအတွက်ပါဆိုပြီး လာထည့်ကြမှာ မဟုတ်ဘူး ဆိုတာကိုလည်း ဘုရင်ခံက သိပါလိမ့်မယ်။

ဘုရင်ခံထက် ပိုသိတာက သူ့လက်အောက်က အင်္ဂလိပ်တိုင်းမင်းကြီးတွေ၊ အင်္ဂလိပ်အရေးပိုင်တွေ၊ အင်္ဂလိပ်ပုလိပ်မင်းကြီးတွေ၊ အင်္ဂလိပ်ရာဇဝတ်ဝန်တွေနဲ့ တခြားဌာနက အင်္ဂလိပ်အရာရှိကြီးတွေပဲ။

ဒါ့ကြောင့် ဒီလူတွေက မနေနိုင် မထိုင်နိုင်ဖြစ်ပြီး ဘုရင်ခံအလိုရှိတဲ့ ရန်ပုံငွေကို မျက်နှာလိုမျက်နှာရ ရှာပေးဖို့ ချက်ချင်းဖုတ်ပူမီးတိုက် စီစဉ်ကြတော့တာပေါ့။

mgyoe.com

mgyoe.com


ဒီကိစ္စနဲ့ပတ်သက်လို့ ရမည်းသင်းအရေးပိုင် ကာနယ်လော့ (Col. Lord) ပျော်ဘွယ်ကို ရောက်လာပြီး သူတည်းခိုနေတဲ့ ဗိုလ်တဲမှာလာတွေ့ဖို့ ကျွန်တော့်ကို ခေါ်ပါတယ်။ သူ့ဆီရောက်သွားတော့ "မင်းနယ်က ငွေတစ်သောင်းရအောင် ယူနီဘာစီတီ ရန်ပုံငွေအတွက် အလှူခံပါ" လို့ ပြောပါတယ်။

ကျွန်တော်က "ပျော်ဘွယ်ကလူတွေဟာ ဆင်းရဲကြပါတယ်၊ ငွေတစ်သောင်းရဖို့ ခဲယဉ်းပါတယ်" လို့ ပြန်ပြောတဲ့အခါ "ရအောင် ဘယ်လိုလုပ်နိုင်မလဲ" လို့ မေးပါတယ်။

"ကစားဝိုင်းလုပ်ပေးရင် ရလိမ့်မယ်" လို့ ပြန်ပြောတော့ "လုပ်ပါ" လို့ အမိန့်ပေးတယ်။ ပြီးတော့ "မင်း ကစားဝိုင်းလုပ်နေတုန်း ငါမလာဘူး၊ အဆင်ပြေအောင် အစစအရာရာ ပြေပြစ်အောင် လုပ်ပါ" လို့ ထပ်မှာပြီး ရမည်းသင်းကို ပြန်သွားရော။

အရေးပိုင်ဟာ သူ့လက်အောက်မှာရှိတဲ့ ပျဉ်းမနားမြို့ပိုင်၊ လယ်ဝေးမြို့ပိုင်၊ ရမည်းသင်းမြို့ပိုင်၊ ရနောင်မြို့ပိုင်တွေကိုလည်း ကျွန်တော့်ကိုခိုင်းသလို ခိုင်းမှာပါပဲ။ လှမ်းတော့မမေးမိဘူး။

ကျွန်တော်ကတော့ သူ့အမိန့်ကို နာခံရမှာမို့ နောက်မှ ဘာတွေ ဖြစ်ဖြစ်လို့ ဆုံးဖြတ်ပြီး မြို့ပေါ်က လူကြီးလူကောင်းတွေကို ပြေး တိုင်ပင်တယ်။ ပထမ ဦးမြကိုတိုင်ပင်တယ်။ အဲဒီတုန်းက ဦးမြက အမျိုးသားကျောင်းမှာ ကျောင်းအုပ်လုပ်နေပါတယ်။ နောက်ပြီး ပွဲစားကြီး ဦးပေါ်၊ ရှေ့နေကြီး ဦးပွင့်၊ (ရနောင်မြို့ပိုင် ဦးဘအုန်းရဲ့ဖခင်)၊ ဦးဖိုးခတို့နဲ့ တိုင်ပင်တယ်။ ဒိပြင်မြို့ပေါ်က သြဇာတိက္ကမရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့လည်း တိုင်ပင်တယ်။ အားလုံးကပဲ "မြို့ပိုင်မင်း

mgyoe.com

mgyoe.com
SAMPLE BOOK


ဘာမှမပူနဲ့၊ အရေးပိုင်ခိုင်းတာသာလုပ်ပါ၊ ပျော်ဘွယ်မှာက ဆင်းရဲသားများပါတယ်။ အလှူခံဖို့တော့ ဘယ်နည်းနဲ့မှ ငွေတစ်သောင်း ပြန်းခနဲ မရနိုင်ဘူး" လို့ ပြောကြပါတယ်။

ဒါနဲ့ ကျွန်တော်က "အာဝါဒေးကျင်းပမယ်၊ ကစားဝိုင်းမျိုးစုံ ခွင့်ပြုမယ်" လို့ ကြေညာလိုက်ရော။ ဒီတော့ ပျော်ဘွယ်က ချင်အင်း ဆိုတဲ့ တရုတ်ကြီးက တစ်သောင်းငါးထောင်နဲ့ လေလံဆွဲသွားတာပေါ့။

လေလံရတော့ တရုတ်ကြီးက "မြို့အုပ်မင်း ကျွန်တော် အမြတ် သိပ်မလိုချင်ပါဘူး။ အရင်းရရင်ပြီးတာပဲ မြို့အုပ်မင်း စိတ်မညစ်ပါနဲ့" လို့ ပြောပါသေးတယ်။

ပျော်ဘွယ်မြို့ ဗိုလ်တဲမြောက်ဘက်က ကစားကွင်းကြီးထဲမှာ မိုးလုံလေလုံ တန်းလျားကြီး ၂ လုံးထိုးပြီး ကစားဝိုင်းတွေကို ချင်အင်းက အခန်းလိုက်နေရာချပေးတယ်။ ဒိုင်တွေကတော့ တရုတ်တွေချည်းပဲ။ သောင်းချီ အရင်ထုတ်ပြီး ဒိုင်လုပ်ကြတာပေါ့။ ဂျင်ဝိုင်းပေါင်း ၂၀ လောက် ရှိမယ်ထင်ပါတယ်။ ချင်အင်းက တစ်ဒိုင်ကို နေ့ ၅၀ိ၊ ည ၅၀ိ ကောက်သတဲ့။

အာဝါဒေးစတဲ့နေ့က ညနေ ၆ နာရီ ထိုးတယ်ဆိုရင်ပဲ လာကြတဲ့ထိုးသားတွေဟာ ဝက်ဝက်ကွဲနေတာပဲ။ မိတ္ထီလာဘက်ကရော၊ ပျဉ်းမနားဘက်ကရော၊ သာစည်ဘက်ကရော ရထားနဲ့တစ်မျိုး၊ ကားနဲ့တစ်ဖုံ လာလိုက်ကြတဲ့လူတွေ၊ လူတွေဟာ ကွင်းကြီးထဲမှာ ဖွေးနေတော့တာပဲ။ ဒီအထဲမှာ မိတ္ထီလာစစ်တပ်က အင်္ဂလိပ်စစ်ဗိုလ်

mgyoe.com

mgyoe.com  SAMPLE BOOK 

တွေလည်း ပါတယ်။ ဟိုတုန်းက လျှပ်စစ်မီးမရှိသေးတော့ အောက်လင်းဓာတ်မီးကြီးတွေ ထွန်းပေးရတယ်။

ကစားဝိုင်းနား မယောင်မလည် လျှောက်ကြည့်တဲ့အခါ အရင်းနည်းနည်းနဲ့ ထိုးနေကြတဲ့ တောင်သူထိုးသားတွေဟာ အရှုံးနဲ့ချည်း ခွက်ခွက်လန်အောင် ခံနေရတာကိုတွေ့ရတယ်။ ဒိုင်ကတော့ ထိုးသမျှ ပိုက်ဆံတွေကို သိမ်းသွားတာချည်းပဲ။ တချို့တောက မိန်းမတွေဆိုရင် ခေါင်းပေါ်ကဆံစုကို ဖြုတ်ရောင်းပြီး ငွေမျော ငွေနဲ့လိုက်ဆိုတဲ့အတိုင်း အရင်းပြန်ရနိုးနိုးလိုက်ကြတာကိုတောင် တွေ့ရတယ်။ ငွေတွေကတော့ ဒိုင်ဆီမှာသာ စုပုံနေတာပေါ့။

ဂျင်ဝိုင်းတိုင်းမှာ ထိုးသားတွေ ကြိတ်ခဲနေတယ်။ မိန်းမတွေလည်း ဣန္ဒြေသိက္ခာကို မထိန်းနိုင်ကြတော့ဘဲ ယောကျ်ားတွေကြားထဲ တိုးဝှေ့ပြီးလောင်းကြတာပဲ။

ကစားဝိုင်းတွေရှေ့မှာ လှိုင်းလုံးကြီးတွေ တလိမ့်လိမ့် လိမ့်တက်လာသလို လူလှိုင်းကြီး တအိအိနဲ့ ဖြစ်နေတော့ ပွဲထိန်းဖို့က တော်တော်အရေးကြီးပါတယ်။ ပုလိပ်အဖွဲ့ တစ်ဖွဲ့လုံးရော၊ မြို့မျက်နှာဖုံးလူကြီးတွေရော အကူအညီတောင်းပြီး ပွဲမလန့်အောင် ခိုက်ရန်ဒေါသမဖြစ်အောင် ထိန်းရပါတယ်။

ဒီလိုပွဲခင်းထဲမှာ အလုပ်များနေတုန်း "ဗိုလ်တဲမှာ အရေးပိုင်ကြီး ရောက်နေပါတယ်၊ မြို့အုပ်မင်းကို အခေါ်လွှတ်လိုက်လို့ ကျွန်တော်လာပါတယ်" လို့ အရေးပိုင်ဆီက အခေါ်ရောက်လာတယ်။

အရေးပိုင်ကြီးရောက်နေတယ်လို့ ကြားရတော့ ကျွန်တော့်မှာ နှလုံးအခုန် ရပ်သွားသလားတောင် အောက်မေ့ရတယ်။ "မင်း ကစား

mgyoe.com

mgyoe.com · SAMPLE BOOK


ဝိုင်းတွေလုပ်နေတုန်း ငါမလာဘူး” လို့ ပြောပြီး အခု ရောက်လာတာ ဟာ ဘာများမကျေနပ်ပြန်လို့လဲလို့ တွေးရင်း စိတ်ပူပူနဲ့ သူ့ကို သွားတွေ့ရတာပဲ။

ညနေ စာပို့ရထားနဲ့ ရောက်လာတာပဲ။ ကျွန်တော် ဗိုလ်တဲပေါ် တက်သွားတော့ ကျွန်တော့်ကို လက်ဆွဲ နှုတ်ဆက်ပြီး အထိုင်ခိုင်းတယ်။ သူနဲ့ပါလာတဲ့ ဘွိုင်ကုလားကို ဝီစကီနဲ့ ဆိုဒါပုလင်း အယူခိုင်းပြီး သူကိုယ်တိုင်ဖောက်ထည့်ပြီး ကျွန်တော့်ကို တစ်ခွက်လှမ်းပေးတယ်။

အရေးပိုင်ကာနယ်လော့ရဲ့ ဆက်ဆံပုံဟာ နှစ်သက်စရာ ကောင်းပါတယ်။ သူက အိုင်စီအက်စ် အရေးပိုင်တွေလို အရှိအသေ တွေ၊ ရှိခိုးတာတွေ ဘုရားထူးတာတွေကို ဂရုမစိုက်ဘူး။ ပြောစရာ ဆိုစရာကို ဟောဟောဒိုင်းဒိုင်းပြောပြီး လူချင်းရင်းရင်းနှီးနှီး ဆက်ဆံပုံ သဘောနဲ့ ဆက်ဆံတဲ့လူပါ။

ဘာမကျေနပ်တာများ ပြောမှာပါလိမ့်မလဲလို့ တထိတ်ထိတ် ဖြစ်နေတဲ့ ကျွန်တော်ဟာ သူ့ဆီက “ပွဲမှာ လူတွေ သိပ်များပုံရတယ်၊ ခိုက်ရန် ဒေါသဖြစ်မှာစိုးရတယ်၊ ကောင်းကောင်းပြန်ထိန်းပါ” ဆိုတဲ့ စကားကို ကြားရတော့မှ အသက်မှန်မှန် ပြန်ရှူနိုင်ပါတော့တယ်။

ကျွန်တော်က “ပွဲခင်းမှာ ပုလိပ်အင်စပက်တော်နဲ့ မြို့ကလူ ကြီးတွေပါ စောင့်ရှောက်နေကြပါတယ်” လို့ ပြန်ပြောတော့ “ကောင်း ကောင်းဂရုစိုက်ပါ” လို့ပြောပြီး ကျွန်တော့်ကိုပြန်လွှတ်တယ်။ သူ့ကို “ပွဲခင်းထဲလာဦးမလား” လို့ မေးတော့ “မလာဘူး” လို့ ဖြေတယ်။ ကျွန်တော်လည်း သူ့ကိုနှုတ်ဆက်ပြီး ပွဲခင်းထဲပြန်လာခဲ့တယ်။ အဲဒီ အချိန်မှာ အရေးပိုင်ကြီး နည်းနည်းမူးနေပြီ။

mgyoe.com

mgyoe.com


ည ၉ နာရီလောက်ရှိတော့ ဂျင်ဒိုင်တွေမှာ ထိုးသားရော၊ ဒိုင်ရော ခပ်ကြမ်းကြမ်း ကစားနေကြပါပြီ။ ဒိုင်က ၅ိ နဲ့ ၅ိ အောက် အထိုးမခံတော့ဘူး။ ထိုးတဲ့လူတွေကလည်း ရာတန်တွေပါ ချအောနေကြပြီ။

အဲဒီအချိန်မှာ အရေးပိုင်ကြီး ပွဲခင်းထဲရောက်လာတယ်။ ဒါကို ကျွန်တော်က မသိဘူး။ အရေးပိုင်က ဂျင်ဒိုင်တစ်ဒိုင်တည်း တိုးဝှေ့ဝင်လာပြီး လူတွေကြားထဲက ဖားကို ၅ိ အောထိုးတယ်။ ဒိုင်လုပ်တဲ့တရုတ်က "ဗိုလ်ကြီး ပြန်ယူပါ၊ ၅ိ အထိုးမခံဘူး" လို့ အော်ပြောတယ်။ ဒါနဲ့ သူ့ငွေ ၅ိ ပြန်ယူပြီး မျက်နှာချင်းဆိုင်က ဒိုင်ဆီ လူအုပ်ကြီးကို တိုးဝင်ပြီး ဖားကို ၅ိ အောထိုးပြန်တယ်။ ဒိုင်တရုတ်က သူ့ ၅ိ ကိုပြန်ပေးပြီး "ဒီမှာ ၅ိ လက်မခံဘူး" လို့ အော်ငေါက်ပြီး သူ့ကိုနှင်ထုတ်တယ်။ သူ့ငွေ ၅ိ ကိုယူပြီး ပြန်ထွက်လာရပြန်တာပေါ့။

ဒီလိုဖြစ်နေတာကို စာရေးတစ်ယောက်က မြင်တော့ ကျွန်တော့်ဆီ ပြေးလာပြီးပြောတယ်။ ဒီတင် တလွဲတချော်တွေ ဖြစ်မကုန်အောင် ပွဲခင်းထဲရောက်နေတဲ့ အရေးပိုင်ကြီးကို ချက်ချင်း ကျွန်တော်သွားတွေ့တယ်။

ကျွန်တော့်ကိုမြင်တော့ စိတ်ဆိုးနေတဲ့ အရေးပိုင်ကြီးက "ဒီဂျင် ၂ ဒိုင်ကို ချက်ချင်းပိတ်ပစ်ပါ" လို့ အမိန့်ပေးတယ်။

ဒီအချိန်က ပျော်ဘွယ်မှာလည်း မြင်းတပ်ရှိနေတယ်။ မိတ္ထီလာက စစ်ဗိုလ်တွေလည်း လာကြတယ်။ ဖားကို ၅ိ ဝင်ထိုးတာ စစ်တပ်က

mgyoe.com

mgyoe.com

SAMPLE BOOK


အင်္ဂလိပ်တစ်ယောက်လို့ ဒိုင်တွေကထင်တယ်။ အရေးပိုင်ကြီးမှန်း မသိကြဘူး။ ၅ှ အထိုးမခံဘဲ အော်ထုတ်မိတာနဲ့ ခုလိုပြဿနာပေါ် ရတာပဲ။

သူ့အမိန့်အတိုင်း ဒိုင် ၂ ဒိုင်ကို ချက်ချင်းပဲ ပိတ်လိုက်ပါတယ်။ အောက်လင်းဓာတ်မီးကို မှိတ်လိုက်တော့ ထိုးသားတွေဟာ ရှဲခနဲဖြစ်သွားပြီး တခြားဒိုင်တွေဆီ ထွက်သွားကြတာပေါ့။

စိတ်တိုနေတဲ့ အရေးပိုင်ကြီးကို ဗိုလ်တဲအရောက် ကျွန်တော်ပြန်ပို့ရတယ်။ ဗိုလ်တဲရောက်တော့ ဘွိုင်ကုလားကို ဝီစကီနဲ့ဆော်ဒါ အယူခိုင်းပြီး သောက်တယ်။ ကျွန်တော့်ကိုလည်း တစ်ခွက်လှမ်းပေးပါတယ်။

ကျွန်တော်က "ပွဲထဲလာဦးမလား" လို့ မေးတော့ "ငါမလာတော့ဘူး" လို့ ပြောပြန်ပါတယ်။

သူအိပ်တော့မယ်ထင်ပါရဲ့လို့ စိတ်ချတာနဲ့ နှုတ်ဆက်ပြီး ပွဲခင်းထဲကို ပြန်ခဲ့ပါတယ်။ အချိန်က ၁၀ နာရီလောက်ရှိပါပြီ။

ပွဲခင်းထဲပြန်ရောက်တော့ အပိတ်ခံရတဲ့ ဒိုင် ၂ ဒိုင်က တရုတ်တွေက ကျွန်တော့်ဆီလာပြီး သူတို့မှာ သောင်းချီပြီးရှုံးနေတုန်း အပိတ်ခံရပါတယ်၊ သနားသဖြင့် ပြန်ဖွင့်ပေးပါလို့ တောင်းပန်ကြတယ်။ ပြီးတော့ ကျွန်တော့် အပြင်အင်္ကျီအိတ်ထဲကို ငွေစက္ကူရာတန်တွေ တစ်ထပ်ကြီး ထိုးထည့်ပါတယ်။ ဘယ်လောက်မှန်းတော့ မသိဘူး။ ဘာကြောင့် ဒီအကြောင်းကို ထုတ်ပြောရသလဲဆိုတော့ ဒီခေတ် ဒီအခါတုန်းက မြူရှိကရက်မြို့ပိုင်တို့၊ အရာရှိတို့ကို အကြောင်းရှိရင် ကပ်ကြ၊ ကျို့ကြ၊ လာဘ်ထိုးကြတာကို သိစေချင်လို့ပဲ။

mgyoe.com

mgyoe.com

SAMPLE BOOK


ကျွန်တော့်အိတ်ထဲကို ရာတန်တွေတစ်ထပ်ကြီး ထည့်လိုက်တာက တစ်ကြောင်း၊ သူတို့က ရှုံးနေတယ်ဆိုတော့ ဟုတ်ကောင်းဟုတ်လေမလားလို့ တွေးမိတာကလည်း တစ်ကြောင်း၊ ကျွန်တော်လုပ်တဲ့ပွဲမှာ အဖုအထစ်မရှိရအောင်လည်း တစ်ကြောင်း၊ အရေးပိုင်ကြီးလည်း လာတော့မှာမဟုတ်တဲ့အတူတူ အန္တရာယ်ကင်းကောင်းပါပြီလို့ ထင်မိတာလည်း တစ်ကြောင်းကြောင့် သူ့အမိန့်ကိုဖီဆန်ပြီး ပြန်ဖွင့်ဖို့ အမိန့်ပေးလိုက်ရော။

ည ၁၁ နာရီလောက်ကျတော့ ပိတ်ထားတဲ့ ဒိုင် ၂ ဒိုင်လည်း ပြန်ဖွင့်ပြီးလို့ ပွဲခင်းဟာ စည်စည်ကားကားကြီး ဖြစ်နေပြန်ပြီ။

ဒီအချိန်မှာ စာရေးတစ်ယောက်ဟာ ကျွန်တော့်ဆီကိုပြေးလာပြီး "မြို့အုပ်မင်း အရေးပိုင်ကြီးရောက်နေပြန်ပြီ၊ သူအပိတ်ခိုင်းတဲ့ဒိုင်တွေရှေ့မှာရှိနေတယ်" လို့ ပြောတော့ ကျွန်တော့်ခြေဟာ ဘယ်လိုလှမ်းမိတယ်မသိဘဲ သူ့ဆီကိုရောက်သွားပါတယ်။ မြွေပွေးကို ပိုက်ထားရတာနဲ့တူတဲ့ ငွေစက္ကူထပ်ကြီးကို ဘယ်လိုလုပ်ရပါ့မလဲလို့လည်း မတွေးတတ်အောင်ဖြစ်နေတယ်။ ချွေးပြန်နေတာပေါ့။

သူနဲ့မျက်နှာချင်းဆုံမိတော့ သူ့အမိန့်ကို ဖီဆန်တယ်လို့ အင်္ဂလိပ်လို ကြိမ်းပါတယ်။ အင်္ဂလိပ်လိုကြိမ်းလို့သာ တော်တော့တာပေါ့၊ ဗမာစကားနဲ့သာကြိမ်းရင် လူပုံအလယ်မှာ ကျွန်တော့်မျက်နှာဟာ ဆီးရွက်ကလေးလောက်ဖြစ်သွားမှာ အမှန်ပဲ။

ကျွန်တော်ကလည်း "ကျွန်တော်ပြန်ကစားဖို့ အမိန့်ပေးလိုက်ပါတယ်၊ သူတို့ ၂ ဒိုင်က သောင်းချီပြီးရှုံးနေလို့ သနားတာနဲ့ ခွင့်ပြုလိုက်ပါတယ်" လို့ အင်္ဂလိပ်လိုပဲ ရှင်းပြပါတယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


ကျွန်တော်ရှင်းပြတော့ သူ့မျက်နှာမှာ ကျေနပ်ပုံရပါတယ်။ ဒါနဲ့ ကျွန်တော်က ဆက်ပြီး "ကစားချင် ဝင်ကစားပါ" လို့ သူ့ကို ဖိတ်ပြီး ဝိုင်းထဲခေါ်သွင်းသွားပါတယ်။

အထဲကို ကျွန်တော်က အရင်ရောက်နှင့်တော့ ဒိုင်အနားကပ်ပြီး "အရေးပိုင်ကြီး အပျင်းပြေထိုးလိမ့်မယ်။ စောစောက ဖားချည်းထိုးလို့ ခုလည်း ဖားပဲထိုးမယ်ထင်တယ်" လို့ တိုးတိုးပြောလိုက်ပါတယ်။

ဒိုင်လုပ်တဲ့ တရုတ်ကြီးက "ဟုတ်ကဲ့၊ ကောင်းပါပြီ" လို့ ပြန်ပြောတယ်။

ဒီလိုဆိုတော့ ဒိုင်က ဖားကျအောင် လှည့်ပေးတော့မှာသိတာနဲ့ ဘေးကထိုးသားတွေကို ဒီ ထက် ပိုမထိုးကြနဲ့လို့ လက်တို့ပြောရသေးတယ်။ မျက်ရိပ်မျက်ခြည်ပြပြီး သူတို့နားလည်အောင် ပြောရတာလည်းရှိတယ်။ ဒီလိုမှမလုပ်လို့ ထိုးသားတွေက ဖားချည်းအောထိုးရင် "မြို့အုပ်မင်းကြောင့်၊ မြို့အုပ်မင်းအမိန့်ကို နာခံပြီးလုပ်ရလို့ ကျွန်တော်တို့ သောင်းချိုးပြီး ရှုံးကုန်ပြီ" လို့ အပူကပ်ကြမှာသိတာနဲ့ ထိုးသားတွေကို ဒီ က ပိုမထိုးအောင် လုပ်ရတာပဲ။ သူတို့ကလည်း သဘောပေါက်ကြပါတယ်။

အရေးပိုင်ကြီး စားပွဲနားရပ်မိတဲ့အချိန်မှာ ဒိုင်က ဂျင်ကို လှည့်လိုက်ပါတယ်။ ကျွန်တော်က "ထိုးချင်ရင်ထိုးပါ" လို့ သူ့ကို ပြောလိုက်တဲ့အခါ ဖားကို အော ၅ိ ချထိုးပါတယ်။ ဘေးက ထိုးသားတွေကလည်း ဒီ စီ၊ ငါးမူးစီထိုးကြတယ်။

mgyoe.com